# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်　၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ တနင်္လာနေ့　အတွဲ (၆၃)၊ အမှတ်(၃၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

## ကျောင်းပြင်ပရောက် ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်း

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင်မှ တာဝန်ရှိသူများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင် ဆရာကြီး ဆရာမကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံ ၃၁၁၆ ဧက စိုက်ပျိုးပြီးစီး၊ အထွက်နှုန်းကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်

**ပွင့်ဖြူ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံ ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရန်အတွက် တောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ချည်မျှင်ရှည်ဝါသီးနှံစိုက်ပျိုးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇွန်လ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ စိုက်ဧက ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေဖို့

*စာမျက်နှာ ၄ ကော်လံ ၄* ○

**ယနေ့ ဖတ်စရာ**


**ဘယ်သူက သမိုင်းတရားခံ ဖြစ်နေသလဲ၊ ဘယ်သူက သူရဲကောင်းလဲ**

ဆောင်းပါး　စာ ၁၀

**ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးမှု ဟားမားစ်တို့တောင်းဆိုချက်အသစ်ကြောင့် မသေမချာဖြစ်နေ**

နိုင်ငံတကာသတင်း　စာ ၁၃



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၁ ရက်သာ လိုတော့သည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် လျန်ယွင်ကန်မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် အရာရှိကြီးများလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြပြီး အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။(ယာပုံ)

သတင်းစဉ်



## မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ၏ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းခန်းမ၌ ပြုလုပ်သည့် မသန်စွမ်းကျောင်းသား ကျောင်းသူများ၏ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှု အစီအစဉ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာ စကားပြောကြားသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝအရ အချို့သော သဘာဝဘေးအန္တရာယ်များသည် ရာသီဥတုဖြစ်စဉ်များအပေါ်မူတည်ပြီး အချိန်ကာလအလိုက် ဖြစ်ပွားလေ့ရှိသကဲ့သို့ ငလျင်ဘေးအန္တရာယ်ကဲ့သို့သော ဘေးအန္တရာယ်မျိုးမှာမူ နေရာဒေသမရွေး၊ အချိန်ကာလမရွေး ကျရောက်ဖြစ်ပွားနိုင်သည့်အတွက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိထားပြီး ဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်သည့် ရှောင်တိမ်းရန် နည်းလမ်းများကိုလည်း အလေ့အကျင့်ပြုလုပ်ထားရှိရန် လိုအပ်ပါကြောင်း။

**အတွေ့အကြုံကောင်းများဖြင့်ပေါင်းစပ်**

ယနေ့ဇာတ်တိုက်လေ့ကျင့်မှုတွင် ပါဝင်သည့် မသန်စွမ်းကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်များအနေဖြင့် မသန်သော်လည်းစွမ်းသည့် မိမိတို့၏ စွမ်းရည်များကို ဇာတ်တိုက်လေ့ကျင့်မှု အတွေ့အကြုံကောင်းများဖြင့် ပေါင်းစပ်၍ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်ကို ဘေးအန္တရာယ်များ၏ ထိခိုက်မှုမှ လျော့နည်းစေရေးပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဇာတ်တိုက်လေ့ကျင့်မှုအစီအစဉ်အရ နံနက်ပိုင်းတွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်) ၌ မသန်စွမ်းကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုကို ပြုလုပ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၌ အမြင်အာရုံမသန်စွမ်းသူ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုကို ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်အိတ်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားခြင်း၊ ဘေးလွတ်ရာနေရာများသို့ ကြိုတင်သတ်မှတ်ထားသည့် လမ်းကြောင်းများအတိုင်း တိမ်းရှောင်ခြင်း၊ မိသားစုဆုံရပ်များသို့ သွားရောက်ခြင်းတို့ကို စိတ်ပါဝင်စားစွာဖြင့် ပါဝင်လေ့ကျင့် ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





◆ *ရှေ့ဖုံးမှ*

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် အမှတ် (၅) အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ နာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ကမ္ဘာပေါ်တွင်ရှိသည့် လူတိုင်း စာတတ်မြောက်စေရန် တွန်းအားပေးသည့် အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို "နိုင်ငံတကာ စာတတ်မြောက်ရေးနေ့" အဖြစ် သတ်မှတ်ထားကြောင်း၊ ၁၉၆၆ ခုနှစ်မှ စတင်၍ ယူနက်စကိုအဖွဲ့က ဦးဆောင်လျက်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင်လည်း ယူနက်စကိုအဖွဲ့ကြီး အပါအဝင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ နှိုးဆော်မှုဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်းကို စာမတတ်သူများအဖြစ်မှ စာတတ်မြောက်လာသူများ ဖြစ်လာအောင် တွန်းအားတစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုးပမ်း ဆောင်ရွက်ခဲ့ရာတွင် ယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်ခဲ့သည့် မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်တွင် လည်းကောင်း၊ နိုမာဆုတို့ကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့မှုသည် မြန်မာနိုင်ငံ၏ စာမတတ်သူ ပပျောက်ရေး လှုပ်ရှားမှုများကို ကမ္ဘာက အသိအမှတ်ပြုခဲ့သည့် အောင်မြင်မှုများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် ကဏ္ဍ(၃)ရပ်တွင် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။ အဆိုပါ ဦးတည်ချက်များအနက် လူမှုရေးကဏ္ဍတွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး ပညာရေးတွင် လူတိုင်း တက်ရောက်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး (Formal Education) ကဏ္ဍအပြင် ကျောင်းပြင်ပပညာရေး (Non-Formal Education) ကဏ္ဍဖြင့်ပါ ဆောင်ရွက်လျက်ရှိကြောင်း။



ယခုနှစ်အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် **"အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန် လိုအပ်လို့ ဘာသာစကားစုံ ပညာရေးကို မြှင့်တင်ကြပါစို့" "Promoting multilingual education: Literacy for mutual understanding and peace"** ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့၏ နိုင်ငံတွင်း၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေရန် စွမ်းဆောင်ပေးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စာမတတ်သူဦးရေ လျှော့ချနိုင်ရေးအတွက် စာတတ်မြောက်အောင်သင်ကြားပေးခြင်းဖြင့် သန်းခေါင်စာရင်းအရ စာမတတ်သူဦးရေကို နှစ်အလိုက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စာဖတ်ရှိန်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ လူနေမှုဘဝမြင့်မားရေးတို့အတွက် အသိပညာပေးခြင်း အစီအစဉ် (၃) ခု ပါဝင်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းများ၊ ကျောင်းပြင်ပရောက် ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်ရွှင်က ဖတ်ကြားပြီး စာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှု(VIDEO CLIP) ကို ပြသသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သီဆိုဂုဏ်ပြု ဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပခုက္ကူမြို့၌ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ပခုက္ကူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပခုက္ကူတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အနာဂတ်မျှော်တွေး စဉ်ဆက်ပညာရေး" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပခုက္ကူတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် UNESCO ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာအား ဖတ်ကြားတင်ပြခဲ့ပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် Video Clip အား ပြသကာ အမှတ်(၂)အခြေခံ ပညာအထက်တန်း ကျောင်းသား ကျောင်းသူများက "စာမတတ်သူတို့ဝိုင်းကူ" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပခုက္ကူတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းပြင်ပ သင်ကြားရေးဆရာ ဆရာမများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○*ရှေ့ဖုံးမှ*

ရည်ရွယ်ပြီး ချည်မျှင်ရှည်ဝါသီးနှံစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ဧက ၅၈၀၀ လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြေပြင်စိုက်ပြီးဧက ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေကိုလည်း ဝါသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် အဓိကလုပ်ဆောင်ရမယ့် စိုက်ပျိုးနည်းစနစ်တွေ၊ သီးနှံပိုးမွှားရောဂါ မကျရောက်အောင် ကြိုတင်ကာကွယ်ရမယ့် နည်းလမ်းတွေ၊ စိုက်ပျိုးရေးသွင်းအားစု စနစ်တကျ သုံးစွဲနည်းတွေ၊ စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ် သက်သာစေမယ့် ကိုယ်တိုင်သဘာဝမြေဩဇာနဲ့ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းစနစ်တွေ စတဲ့တောင်သူပညာပေးလုပ်ငန်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်။ ဒီနှစ်က မိုးရွာသွန်းမှုကောင်းတာကြောင့် ဒေသခံတောင်သူတွေ စိုက်ပျိုးထားတဲ့ ချည်မျှင်ရှည်ဝါသီးနှံစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) စသည့် ဝါသီးနှံမျိုးများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဝါသီးနှံမျိုးကောင်းမျိုးသန့်ရွေးချယ်အသုံးပြုရေးဆိုင်ရာ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ပြသ

**သာစည် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော ဝါသီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ရန် တောင်သူများ ပါဝင်သော ဝါသီးနှံ မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုရေးဆိုင်ရာ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ပြသရှင်းလင်းပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက သဲပုတ်ကုန်းကျေးရွာ တောင်သူ ဦးဝင်းငွေ၏ မကျီးကန်ကွင်းအမှတ်(၁၈၀၀)ဦးပိုင်အမှတ် ၈၃ ရှိ စမ်းသပ်ကွက်၌ ပြုလုပ်သည်။(ဃာပုံ)

အဆိုပါ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ပြသရှင်းလင်းပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ဆောင်ရွက်ရခြင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်သည့် အစည်းအဝေးများကို တက်ရောက်ခဲ့သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၊(၁၄)ကြိမ်မြောက်အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးနှင့် (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဗိုလ်ချုပ် မင်းသူတို့ ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းဖြင့် ပြန်လည်ထွက်ခွာကြသည်။

မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ




**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး ကွပ်ကဲမှုဖြင့် လယ်ဝေးခရိုင်ရဲတပ်ဖွဲ့၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ငွေးရွှေ ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၀၇ ဦးက စက်တင်ဘာ ၈ ရက်တွင် လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက် ဖောင်တော်ချက်မဘုရားရင်ပြင်တော်နှင့် ပရိဝုဏ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၂၀၂၄ ခုနှစ် မိုးရာသီ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၂၀၂၄ ခုနှစ် မိုးရာသီ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းက နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

ပြိုင်ပွဲမစတင်မီ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဒိုင်လူကြီးများနှင့်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်မြင်ဌာနခွဲအသင်းနှင့် စီမံဌာနခွဲအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရုပ်မြင်ဌာနခွဲအသင်းက သုံးပွဲဆက်တိုက် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)ဦးဝင်းသူက နှစ်သိမ့်ဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) အသင်းနှင့် တတိယဆုရရှိသည့် အသံလွှင့်ဌာနခွဲ အသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဒုတိယဆုရရှိသည့် စီမံဌာနခွဲအသင်းနှင့် ပထမဆုရရှိသည့် ရုပ်မြင်ဌာနခွဲအသင်းတို့အား ဆုဖလားနှင့်အတူ ငွေသားဆုများ ချီးမြှင့်သည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်က ဘော်လီဘောပြိုင်ပွဲတွင် နည်းပြနှင့် ဒိုင်လူကြီးတာဝန် ထမ်းဆောင် ခဲ့ကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၂၀၂၄ ခုနှစ် မိုးရာသီ အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဝန်ထမ်းများ ပျော်ရွှင်မှုနှင့် ချစ်ခင်ရင်းနှီးမှု ရရှိစေရန်နှင့် ကျန်းမာစွာဖြင့် တာဝန် ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၂ ရက်မှ ယနေ့ စက်တင်ဘာ ၈ ရက်အထိ စီစဉ်ကျင်းပခဲ့ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ဌာနခွဲအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စု သင်းလှိုင်းကျေးရွာရှိ ရွှေလာဘ်ကောင်းစေတီ၌ စက်တင်ဘာ ၈ ရက်က ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှရီနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

**ပြင်ဦးလွင် စက်တင်ဘာ ၈**

ပြည်သူများ အသိပညာဗဟုသုတများစွာ တိုးပွားစေရန်နှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက်များ ဆောင်ရွက်နေမှုကို ယမန်နေ့ကစတင်ပြီး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နေသည့် ဟိုလိပ်ကျေးရွာအုပ်စု၊ ပိန္နဲကုန်းကျေးရွာအုပ်စုနှင့် ကျွဲနွားထောက်ကျေးရွာအုပ်စုတို့ကို ပြင်ဦးလွင်ခရိုင်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲကွပ်ကဲမှုအဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင်၊ ရွာငံမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်အောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ ရွာငံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်စန်းဝင်း ဦးစီးတပ်ဖွဲ့ဝင်များ အထက(ရွာငံ)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ရွာငံ(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတက်ရောက်

**နေပြည်တော်   စက်တင်ဘာ   ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



**သဝဏ်လွှာကိုဖတ်ကြား**

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက“စေတနာပန်းတို့ လန်းရာမြေ”တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကိုဖွင့်လှစ်ပေး၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ **(ယာပုံ)** နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

**ဂုဏ်ပြုသီဆိုဖျော်ဖြေ**

ထို့နောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် (VIDEO CLIP) ပြသပြီး အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စာတတ်မြောက်ရေး ဝိုင်းကူပေး” တေးသီချင်းကို ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သန့်ရှင်းရေးဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှကလျာလမ်း၊ ဧယျာအောင်မြင်လမ်း၊ ဧယျာအောင်မြေလမ်းနှင့် လှထိပ်ခေါင်လမ်းဆုံတို့၌ လမ်းဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)၊ မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ခေါင်းလောင်းများ ရောင်တော်ဖွင့်လှစ်နေမှု၊ ဘုရားရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဖွားစေတီတော်နှင့် ဟောစေတီတော်သွားရာ လမ်းဘေးဝဲယာတစ်လျှောက် မြက်ချုံများရှင်းလင်းနေမှု၊ မိုးသည်းထန်စွာရွာသွန်းချိန်တွင် ဇဝနသိဒ္ဓိရပ်ကွက်၊ နှင်းဆီလမ်းအနီးတစ်ဝိုက်နှင့် ရတနာသိဒ္ဓိရပ်ကွက် ရေတာရှည်လမ်းတို့တွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်း စာသင်ဝိုင်း ၂၀၃ ဝိုင်းဖြင့် စာသင်သား ၁၇၃၃ ဦးကို သင်ကြားပေးနိုင်

**ဘားအံ   စက်တင်ဘာ   ၈**

“အပြန်အလှန်နားလည်မှုနှင့်ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံ ပညာရေးကို မြှင့်တင်စို့ ” ဆောင်ပုဒ်ဖြင့် ကရင်ပြည်နယ် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ထည့်သွင်းပြောကြား**

ဦးစွာ အခြေခံပညာ ဆရာ၊ ဆရာမများက “စာတတ်မြောက်ရေးဝိုင်းကူပေး” သီချင်းဖြင့် အခမ်းအနားကို သီဆိုဂုဏ်ပြုဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ၂၀၂၄ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်း စာသင်ဝိုင်း ၂၀၃ ဝိုင်း၊ ကြီးကြပ် ၂၆ ဦး၊ နည်းပြ ၂၀၃ ဦးဖြင့် စာသင်သား ၁၇၃၃ ဦးကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံဆရာ၊ ဆရာမများဖြင့် အကောင်အထည်ဖော်ဆောင်ရွက် အောင်မြင်ခဲ့ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။ **(ယာပုံ)**

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ကရင်ပြည်နယ်အတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ခင်းကျင်းပြသထားသော ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆုရ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာလက်ရာများကို ကြည့်ရှုအားပေးကြသည်။



**ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၁) ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ် လက်ဝှေ့၊ ဝူရှူး၊ ဗိုဗီနမ် လူရွေးပွဲနှင့် ကရင်ပြည်နယ် ရိုးရာလက်ဝှေ့အသင်းမိတ်ဆက်ပွဲ အထိမ်းအမှတ်ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး သတ်မှတ်ကီလိုတန်းအလိုက် အားကစားသမားများ၏ ယှဉ်ပြိုင်ထိုးသတ်မှုအပေါ် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပပြီး ပြည်နယ်အတွင်းရှိ ရိုးရာလက်ဝှေ့ကလပ်များမှ အားကစားသမားပေါင်း ၁၀၀ က ပွဲစဉ်ပေါင်း ၅၀ ဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ၎င်းတို့အနက်မှ ထူးချွန်ထက်မြက်သူများအား ကရင်ပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်စေပြီး ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မွန်ပြည်နယ် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင်   စက်တင်ဘာ   ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်အမှာစကား ပြောကြားသည်။



ဦးစွာ မော်လမြိုင်မြို့နယ်မှ ဆရာ၊ ဆရာမများက **“စာတတ်မြောက်ရေး လူတိုင်းအရေး”** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်က ယခုနှစ် ၂၀၂၄ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးကို မွန်ပြည်နယ်အတွင်းရှိ ကျေးရွာ ၂၃၄ ရွာတွင် စာသင်ဝိုင်း ၅၈၃ ဝိုင်းဖြင့် နည်းပြ ၆၀၆ ဦး၊ ကြီးကြပ် ၆၉ ဦး စုစုပေါင်း ၆၇၅ ဦးမှ စာသင်သား ၇၈၄၁ ဦးကို စေတနာလုပ်အားပေး သင်ကြားပေးခဲ့မှုကြောင့် စာတတ်မြောက်မှုများ တိုးတက်လာခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး စာတတ်မြောက်ရေးသည် နိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံး စာတတ်မြောက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ UNESCO မှ ပေးပို့လာသည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“စာသင်ကျောင်းမှ ခေါင်းလောင်းသံ”** တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေမှုနှင့် အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“စာတတ်မြောက်ရေး ဝိုင်းကူပေး”** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**

# တိုင်းဒေသကြီး၊ ပြည်နယ်များ၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

**၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယနေ့ကျင်းပရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရန်ကုန်တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာန တိုင်းဒေသကြီးပညာရေးမှူးရုံးက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက (လှေကျင့်ရေး)ကမာရွတ်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက အမှာစကားပြောကြားကာ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏သဝဏ်လွှာကို တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ဖတ်ကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ဗီဒီယိုကလစ်ပြသသည်။

ယင်းနောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်**(အပေါ်ယာပုံ)**နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်



က ဂုဏ်ပြုဖျော်ဖြေကြသော ကျောင်းသား ကျောင်းသူများကိုချီးမြှင့်ငွေများပေးအပ်ပြီး အခမ်းအနားတက်ရောက်သူများနှင့်အတူ ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**



## ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကိုကျင်းပရာ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ဒို့အင် ဒို့အား" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားကာ တိုင်းဒေသကြီး ပညာရေးမှူးက ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ကပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုများချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူလေးများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုနှုတ်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် နိုင်ငံတကာစာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

## လွိုင်ကော်

ကယားပြည်နယ် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ ကျင်းပရာ လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက "တို့အင်တို့အား" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားကာ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက ဖတ်ကြားပြီး စာတတ်မြောက်ရေးလှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ပြခန်းများနှင့် ဆုရရှိသည့် စာစီစာကုံးနှင့် ပန်းချီများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ပြည်နယ် (မြန်/ဆက်)**



## တောင်ကြီး

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပရာ တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက"စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားကာ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဆွေဝင်းက ဖတ်ကြားပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဆောင်ရွက်မှု ဗီဒီယိုကလစ် ပြသသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးက ဂုဏ်ပြုဆုငွေများပေးအပ်၍ သီဆိုဖျော်ဖြေပေးကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဝထကလသ"တေးသီချင်း သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး ပညာရေးမှူးက ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ရုံးမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးက ဂုဏ်ပြုသီဆိုသော ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆုရစာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**



# (ဂေါ်ဝိန်ဆိပ်)နေရာ (EV Charging Station)သည် တစ်နိုင်ငံလုံးအနေဖြင့် အခု(၂၀)မြောက်ဖွင့် စုစုပေါင်း ၃၁ နေရာကို Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

Yar Zar Min Industry co.,ltd မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ်နှင့် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ (၃၅) လမ်းနှင့် ကမ်းနားလမ်းထောင့် (ဂေါ်ဝိန်ဆိပ်)ရှိ ယင်းဓာတ်အားဖြည့်သွင်းရုံ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်သုံးယာဉ်များပြေးဆွဲ၊ အသုံးပြုရေးနှင့် အခြေခံ အဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားမှုဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မြေနေရာများကို ရွေးချယ်သတ်မှတ်လျာထားခဲ့ပြီး နေပြည်တော်တွင် ၆ နေရာ၊ ရန်ကုန်တွင် ၈ နေရာ၊ မန္တလေးတွင် ၈ နေရာနှင့် ရန်ကုန် – မန္တလေးအမြန်လမ်းမကြီးတွင် ၉ နေရာ စုစုပေါင်း ၃၁ နေရာကို Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခု ဖွင့်လှစ်သည့် (၃၅)လမ်းနှင့် ကမ်းနားလမ်းထောင့် (ဂေါ်ဝိန်ဆိပ်)နေရာ (EV Charging Station) သည် တစ်နိုင်ငံလုံး အနေဖြင့်အခု(၂၀)မြောက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများရှိ (EV Charging Station) များတွင် ကားလေး ၁၀စီး တစ်ပြိုင်နက် အားသွင်းနိုင်ပြီး ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးရှိ (EV Charging Station) များတွင် ကားလေး ၁၀ စီးနှင့် ဘတ်စ်ကားလေးစီး တစ်ပြိုင်နက် အားသွင်းနိုင်ပြီဖြစ်ကြောင်း မန္တလေးမြို့တွင် ယခုလို(EV Charging Station) များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိ မြို့များတွင်လည်း လျှပ်စစ်ကားများ အသုံးပြုသွားလာနိုင်တော့မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Yar Zar Min Industry co.,ltd မှ တာဝန်ရှိသူတစ်ဦးက (EV Charging Station) တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမြို့တော်ဝန်နှင့် တာဝန်ရှိသူများက လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက Yar Zar Min EV–Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ လျှပ်စစ်သုံးယာဉ်များ လက်တွေ့ အားဖြည့်နေမှုနှင့် စမ်းသပ် မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦးအထူးအဖွဲ့ (၆)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသော တံခွန်တိုင်တိုးလ်ဂိတ်၊ အိုးထုတ္တန်း မီနီတိုးလ်ဂိတ်နှင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စကားအင်းတိုးလ်ဂိတ်နှင့် သီးကုန်းတိုးလ်ဂိတ်တို့ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၈၄) ရှိ ယာဉ်ရပ်နားစခန်းအတွင်း၌ ရာဇာမင်းကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး စီလမ်းဆုံတိုးလ်ဂိတ်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်က ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးလွင်နှင့် ရပ်စောက်မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းတို့ ဦးစီး၍ တပ်ဖွဲ့ဝင်များဖြင့် ရပ်စောက်မြို့ မြို့မဘုရားကြီး ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်လတ် ဦးဆောင်သော ပြည်မြို့ အမှတ်(၃)နယ်မြေရဲစခန်းမှူး ရဲအုပ်ခွန်ကောင်းမြတ်နှင့် တပ်ဖွဲ့ဝင်များသည် ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ယနေ့နံနက်က ပြည်မြို့ ရတနာသီရိမဟာဘုရားကြီး စေတီတော်ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုဆက်(ပြန်/ဆက်)



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး သန်းငွေအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ငွေအောင်နှင့် တပ်ဖွဲ့ဝင်များက ဟိုပုံးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)

# ကချင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းရင်းသားဘာသာစကားဆိုင်ရာ အကူအညီပေးနိုင်ရေး အခြေခံပညာဦးစီးဌာန၊ တိုင်းရင်းသားမျိုးနွယ်စုတာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၈**

ကချင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် တိုင်းရင်းသားဘာသာစကားဆိုင်ရာ အကူအညီပေးနိုင်ရေး အခြေခံပညာဦးစီးဌာနနှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က မိမိတို့ မြန်မာနိုင်ငံအတွင်း ယခုလာမည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်နယ်အတွင်း ဒေသခံ တိုင်းရင်းသားဘာသာစကားဖြင့်မေးမြန်း၍ သန်းခေါင်စာရင်းကောက်ယူရာတွင် အခက်အခဲများ မရှိစေရေးအတွက် တာဝန်ရှိသူအားလုံးက ပူးပေါင်းပါဝင်ပြီး အတူတကွလက်တွဲလုပ်ဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်တင်က ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူသွားမည့် လုပ်ငန်းစဉ်များ၊ စာရင်းကောက်ကွက်များအလိုက် ဘာသာစကားဆိုင်ရာ အကူအညီပေးရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူက ပြည်လုံးကျွတ်သန်းခေါင်စာရင်း လုပ်ငန်းစဉ်တွင် ဆရာ ဆရာမများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် လူအင်အားနှင့် အစီအစဉ်များကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဒေါ်အိအိအေးက အကူအညီပေးနိုင်ရေးအတွက် တိုင်းရင်းသားမျိုးနွယ်စုအလိုက် ဘာသာစကားသင် ဆရာ ဆရာမများ ပါဝင်နိုင်ရေးနှင့် မျိုးနွယ်စုအလိုက် စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များက စာရင်းကောက်ယူမည့် ဒေသအလိုက် တာဝန်ခွဲဝေ ချထားပေးနိုင်ရေးကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပူးပေါင်းလက်တွဲဆောင်ရွက်ရမည့် အချက်အလက်များအပေါ် သိလိုသည်များနှင့် လူပုဂ္ဂိုလ်စာရင်းပြုစုပေးပို့နိုင်ရေးအတွက် လိုအပ်သည်များကို မေးမြန်းတင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**




## ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄)ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် "အဂတိပယ်ခွာ ပြည်သာယာ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် –

(က) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် –

(၁) အသက် – ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိလူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊

(၂) Format – JPG ၊ A3 (297 x 420 mm) with correct aspect ratio ၊

(၃) Resolution – 300 dpi ၊

(၄) File Size – 15 Mb ထက်မပိုစေရ၊

(၅) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းချက် စာသားသီးခြားဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်သို့ ၃၀–၁၀–၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e–mail လိပ်စာဖြစ်သည့် zinwaihnin88@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ် အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ Download ရယူနိုင်ပြီး ဦးညိုမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉–၂၀၁၉၀၀၄ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၆၇–၈၁၀၃၃၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဂ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီရမည် –

(၁) အသက် – ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိလူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊

(၂) Format – mpeg 4 ၊

(၃) Resolution – 1920 x 1080 p ထက်မပိုစေရ၊

(၄) File Size – 300 Mb ထက်မပိုစေရ၊

(၅) Sound – 16–bit, stereo၊

(၆) Duration – 120 Seconds ထက်မပိုစေရ၊

(၇) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် စာတန်းထိုး ဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀–၁၀–၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e–mail လိပ်စာဖြစ်သည့် ms.khinmoeou@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ် အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉–၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၆၇–၈၁၀၃၃၄၃ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

(င) ဆောင်းပါးနှင့်စပ်လျဉ်း၍ ဝင်ရောက်ယှဉ်ပြိုင်လိုပါက အောက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် –

(၁) အသက် – ကန့်သတ်ချက်မရှိ၊

(၂) ဘာသာစကား – မြန်မာ၊

(၃) ပုံစံ – ကွန်ပျူတာစာစီဖြစ်ရမည်၊

(၄) အရေအတွက် – A4 ဆိုဒ် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာအတွင်း၊

(၅) ကန့်သတ်ချက် – ကျောကပ်ရေးသားခြင်းမပြုရ၊

(၆) ကိုးကားချက်များရှိပါက ပြည့်စုံစွာ ထည့်သွင်းဖော်ပြရန်။

(စ) ဆောင်းပါးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy (၁) စုံ၊ Soft Copy (၁)စုံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀–၁၀–၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e–mail လိပ်စာ sabalphyu315@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ် အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်သင်းသင်းဇင်၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉–၅၀၁၂၂၁၃ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉–၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဆ) ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများတွင် အောက်ပါအချက်များ ပါရှိပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ–

(၁) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားခြင်း၊

(၂) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း။

(ဇ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုများနှင့် ဆောင်းပါးများကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ဈ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် "အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား" တွင် ဆုချီးမြှင့်ပေးမည် ဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## ခရမ်းမြို့နယ်၌ ပန်းခင်းစီမံချက် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ခရမ်း စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပိန်းကန်အထက်တန်းကျောင်းတွင် ယမန်နေ့က ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူး ဦးမောင်မောင်သန်း ဦးဆောင်သောအဖွဲ့မှ ပန်းခင်းအဆင့်(၃) စီမံချက်ဖြင့် ကျောင်းသား ကျောင်းသူ ၃၁၄ ဦးတို့အား ပန်းခင်းစီမံချက်(၃) ဖြင့် ကွင်းဆင်းဆောင်ရွက်၍ နိုင်ငံသားစိစစ်ရေးကတ်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ဘယ်သူက သမိုင်းတရားခံ ဖြစ်နေသလဲ၊ ဘယ်သူက သူရဲကောင်းလဲ

**တိုင်းပြည်မှာ အကျပ်အတည်းပေါင်းစုံရဲ့ အကြောင်းတရား၊ ရှိရှိသမျှ များစွာသော အကြောင်းတရားများစွာမှာ အလျင်အမြန်ဖြေရှင်းပေးရမယ့် သော့ချက်အကျဆုံးပြဿနာက ပြည်တွင်းတည်ငြိမ်ရေးမှလွဲပြီး အခြားမရှိပါ။ နိုင်ငံမှာ စစ်ကြောင့် ပျက်စီးမှုတွေ၊ ရေကြည်ရာမြက်နုရာ ထွက်ပြေးတိမ်းရှောင်ရတဲ့ ပြည်သူတွေ၊ သေကွဲရှင်ကွဲ ခွဲကြရတဲ့ အရွယ်မမြောက်လူမမည်တွေနဲ့ နေရာအနှံ့ ဆိုးသွမ်းစရိုက်တွေ၊ ဆုံးရှုံးသွားရတဲ့ အသက်အိုးအိမ်စည်းစိမ်တွေ၊ စိုးရိမ်သောကတွေ၊ တစ်သက်လုံးစုဆောင်းထားသမျှ ပိုင်ဆိုင်မှုတွေ ဆုံးရှုံးသွားရတဲ့အတွက် အနာဂတ်မဲ့သွားသူတွေ၊ အဖျက်အင်အားစုတွေကြား သားကောင်ဖြစ်ရသူတွေ။**

မိုးမြင့်

ဒီတိုင်းပြည်က ပြဿနာအားလုံး သူတို့မှာ တာဝန်မရှိပါဘဲ အပြစ်မဲ့ ခံစားနေရတယ်။ ဒီမိုကရေစီ ဗန်းပြပြီး ဒီမိုကရေစီကို ဖျက်ဆီးနေသူ၊ ဖက်ဒရယ် စကားပြောပြီး တိုင်းရင်းသားအချင်းချင်းကြား ခွဲခြားနှိပ်ကွပ်နေသူ၊ အာဏာရှင်ကို တိုက်ဖျက်နေကြောင်း အသံကောင်းဟစ်ပြီး ကိုယ်တိုင်အာဏာရှင်၊ စစ်ဘုရင်ဖြစ်နေသူ လက်နက်ကိုင်အဖျက်သမား အားလုံးဟာ မျက်မှောက်ဖြစ်စဉ်အားလုံးရဲ့ တာဝန်အရှိဆုံးသူတွေပါပဲ။

### တည်ငြိမ်အေးချမ်းမှုကသာ အဓိက

ပျော်ပျော်နေတတ်တဲ့ မြန်မာလူမျိုးတွေဟာ ဒီတိုင်းပြည်ကြီး တည်ငြိမ်မှုရှိမှသာ အရာအားလုံး အဆင်ပြေနိုင်မယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ မိမိရပ်ထဲရွာထဲ ခိုးဆိုးလုနှိုက်လည်း ကြောက်ရ၊ အကြမ်းဖက်လည်း ကြောက်ရတဲ့ဘဝ၊ ချမ်းသာချင်တာတောင် လတ်တလော မချမ်းသာရင်နေပါစေ၊ ပြည်သူတွေ ဒီအချိန်မှာ အလိုချင်ဆုံးက တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုပါပဲ။ တရားဥပဒေကြီးစိုးမိုးပေးဖို့အရေးကလွဲပြီး ကျန်တာဘာကိုမှမလိုချင်ပါ။ တည်ငြိမ်အေးချမ်းအောင် လုပ်ပေးနိုင်မယ့် ထွက်ပေါက်ကို မြန်မြန်မြင်လိုကြပါပြီ။

ကုန်ဈေးနှုန်းတွေ တည်ငြိမ်စေချင်ကြတယ်။ လူငယ်တွေက သူတို့အနာဂတ်လှချင်ကြတယ်။ ဒီလို လတ်တလောလိုအပ်ချက်တွေကို ယနေ့မြန်မာပြည်တွင်းက လက်နက်ကိုင် ရောင်စုံအဖျက်သမားဆိုသူတွေက တချို့နေရာတွေမှာ အရှက်မရှိဝါဒဖြန့် လုပ်ပြကိုင်ပြနေတာတွေ့နေရတာ အလွန်ပဲ အော့နှလုံးနာမိရဲ့။ ပြည်သူပိုင်လမ်းတံတားတွေ စိတ်ရှိတိုင်း ဗုံးခွဲဖျက်ဆီး၊ ချိုးဖျက်ပျက်စီးသွားမှ ပြန်ပြီးလမ်းတံတားတွေ ဆောက်ပြတယ်။ ဒါတွေကို နဂိုကတည်းက နိုင်ငံတော်အစိုးရအဆက်ဆက်က ပြည်သူပိုင်ဘတ်ဂျက်နဲ့ ပြည်သူ့အတွက် တည်ဆောက်ပေးထားတာဆိုတာ ထမင်းစားသူတိုင်းသိတယ်။ နယ်မြေကို လက်နက်နဲ့ အဓမ္မရယူသိမ်းပိုက်ပြီး သူခိုးဓားပြဆန်ဆန် သူများပိုင်အိမ်ရာ ပစ္စည်းဖောက်ထွင်းခိုးယူ၊ ဘာမှမကျန် ခိုးဝှက်လုယက်ယူကြပြီးမှ ပြည်သူတွေ အစာရေစာ ပြတ်လပ်ချိန် ကျီးလန့်စာစားဘဝနဲ့ အချိန်ကိုက်ပြီး ပြည်သူအတွက် ခေတ်အဆက်ဆက် သိုလှောင်ထားတဲ့ စားရေရိက္ခာတွေကို အခမဲ့ဝေငှနေပုံတွေဟာ အင်မတန်ရိုးစင်းလွန်းတဲ့ ဝါဒဖြန့်နည်းတွေလို့သာ မှတ်လိုက်မိပါတယ်။ ယနေ့ပြည်သူတွေက ငတုံးအေတွေ မဟုတ်ကြတဲ့အတွက် အလွန်တရာ အောက်တန်းကျ၊ စုတ်ပဲ့လွန်းတဲ့လက်နက်ကိုင်တွေရဲ့ အလိမ်အညာတွေကို ယုံကြည်သူ နည်းသထက် နည်းလာကြပါပြီ။

အစိုးရအဆက်ဆက် ဆောက်ပေးခဲ့တဲ့ ဆေးရုံတွေ၊ ဖြည့်ပေးခဲ့တဲ့ဆေးကိရိယာတွေကို သိမ်းပိုက်လုယူပြီးမှ ပြည်သူကို အခမဲ့ဆေးကုပေးတဲ့ ပုံစံလည်း ထို့အတူပါပဲ။ ရှက်စရာကောင်းမှန်းမသိ၊ အရှုးက တစ်မူးသာတဲ့ လုပ်ဇာတ်ပဲ။ စေတနာမပါဘဲ ဈေးရောင်းပေးရုံ၊ ဆေးကုပေးရုံ၊ လျှပ်စစ်မီးပေးနိုင်ရုံလောက်နဲ့ ဝါဒဖြန့်လို့မရဘူးဆိုတာ သိဖို့လိုတယ်။ လက်နက်ကိုင်ပြီး နယ်မြေလုယူတဲ့သူပုန်၊ လူသတ်တဲ့ သူပုန်မှန်သမျှ ဘယ်သူမှ အားမပေးလိုဘူး၊ စက်ဆုပ်ရွံရှာကြတယ်။

**ပြည်သူထဲမှာမနေ၊ နိုင်ငံခြားထွက်ပြေး၊ ခွက်ခေါက်လိမ်စား၊ တိုင်းပြည်နဲ့ လူမျိုးအတွက် နိုင်ငံရေး၊ လူမျိုးရေး ဘာခံယူချက်မှမရှိတဲ့ အချောင်သမားသက်သက်တွေကို မုန်းတီးကြတယ်။ စစ်ရေးနဲ့ မသက်ဆိုင်၊ အများသူငါသွားတဲ့ လမ်းတံတား ဖျက်ဆီးတဲ့ အဖျက်သမားက အစိုးရလုပ်ချင်တယ်ဆိုတော့ ဒီလိုအဖွဲ့မျိုး ဘယ်သူက ထောက်ခံမလဲ၊ မတရားတဲ့နည်းနဲ့ နယ်မြေလုယူတဲ့သူပုန် ဘယ်သူက ပံ့ပိုးမလဲ၊ မူးယစ်ဆေးသုံးပြီးမှ စစ်တိုက်တတ်တဲ့ သောင်းကျန်းသူ ဘယ်သူက ကူညီမလဲ။**

### လားရာချင်း ထပ်တူ

ပြည်သူတွေရဲ့လားရာနဲ့ တပ်မတော်ရဲ့လားရာက ထပ်တူထပ်မျှပါ။ အမြန်ဆုံး တည်ငြိမ်အေးချမ်းရေးပါပဲ။ တော်တော်များများ သိတဲ့လူ သိကုန်ကြပါပြီ။ အထူးသဖြင့် စစ်ဒဏ်ခံဒေသက ပြည်သူတွေ အသိဆုံးပါ၊ စစ်ရဲ့နောက်ဆက်တွဲဆိုးကျိုးတွေကြောင့် တပ်မတော်အုပ်ချုပ်တာနဲ့ သူပုန်အုပ်ချုပ်တာ ဘယ်ဟာက ပိုကောင်းသလဲ ပြည်သူတွေ သိလာကြပြီဖြစ်တယ်။ ရန်သူဟာ ဒီမိုကရေစီအတွက်လည်းမဟုတ်၊ ဖက်ဒရယ်ရေးလည်း မဟုတ်၊ ပြည်သူအတွက်လည်းမဟုတ်တဲ့ ကိုယ်ကျိုးကြည့် အတ္တဝါဒီ သက်သက်သာဖြစ်ကြောင်း ပြည်သူတွေ သိလာကြပါပြီ။ သို့သော် နိုင်ငံအချုပ်အခြာနဲ့ တို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေတဲ့ ပြည်ထောင်စုတပ်မတော်ကြီးအပေါ် ယခုထက်ပိုပြီး အမြင်ကြည်ဖို့တော့ လိုအပ်နေဆဲပဲ။

လွတ်လပ်ရေးကိုထိန်းသိမ်းရင်း၊ အချုပ်အခြာကိုကာကွယ်ရင်း ဒီစစ်ပွဲတွေမှာ စစ်သည်များစွာ အသက်ပေးခဲ့ရပြီးဖြစ်ပါတယ်။ တိုက်စစ်နဲ့ ခံစစ်ဗျူဟာအကြားမှာ လူအင်အားအခြေအနေအရ အချို့မြို့တွေရွာတွေကို အပြည့်အဝ အကာအကွယ်မပေးနိုင်ခဲ့ဘူး။ အပြစ်မဲ့ပြည်သူတွေ၊ ရဟန်းသံဃာတွေ၊ ဝန်ထမ်းတွေ၊ ကလေးသူငယ်တွေဟာ အဖျက်သမားလက်နက်ကိုင်တွေရဲ့ လူမဆန်စွာ အသတ်ခံခဲ့ကြရတယ်။ လက်နက်ကိုင်သူပုန် အချင်းချင်းတောင် သစ္စာမရှိတရားမဲ့ သတ်ဖြတ်နေကြသူတွေဖြစ်တယ်။ ဒီလိုလူတွေအပေါ် တပ်မတော်နဲ့ ပြည်သူဘက်က ဘာမှငဲ့ညှာစရာမရှိပါ။ ဒါကြောင့်လည်း မိမိတို့နဲ့ သေကွဲရှင်ကွဲကွဲခဲ့ကြတဲ့ နာကြည်းနေတဲ့ မိဘညီအစ်ကိုသားသမီး မိတ်ဆွေသူငယ်ချင်းတွေဟာ ကျူးကျော်သူ မိစ္ဆာပြည်ဖျက်သမားတွေကို မိမိတို့ ရပ်ရွာတွေကနေ အခြေပြု ရရာလက်နက်စွဲကိုင်ပြီး တပ်မတော်နဲ့လက်တွဲကာ တိုက်ပွဲဝင်လာကြပြီလည်း ဖြစ်ပါတယ်။

### ပြည်သူပါဝင်မှု၏ မှန်ကန်သောအချက်

နိုင်ငံတော်မှာ နိုင်ငံရေး၊ စစ်ရေးအခြေအနေက ရန်ငါပြတ်သွားတဲ့ အတွက်ကြောင့်ရော ရန်သူ မိတ်ဆွေရယ်လို့ ပိုပြီးကွဲပြား ပီပြင်လာတဲ့အတွက်ကြောင့်ပါ ရေရှည်မှာ ဘယ်သူကအသာရမလဲ ပိုမိုထင်ရှားလာပြီလည်း ဖြစ်ပါတယ်။ အိမ်နီးချင်း မိတ်ဆွေက ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအပေါ် အဓိကအားထားပြီး နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေးအတွက် စေတနာထား အားထည့်ကြိုးပမ်းနေချိန်မှာ အဝေးက မိတ်ဆွေမပီသသူ နိုင်ငံအချို့ကတော့ မြန်မာပြည်သူတွေ ဆောက်တည်ရာမရ၊ မငြိမ်းချမ်းအောင်၊ နိုင်ငံလုံးဝ ဥဿုံပျက်စီးအောင် အဆိုးသဘောနဲ့ လုပ်နေကြဆဲဖြစ်တယ်ဆိုတာကိုလည်း တွေ့နေရတယ်။

ပြည်တွင်းက လောက်ကောင်သစ္စာဖောက်တွေကလည်း အဝေးက ပေးစာကမ်းစာရယူ၊ သူ့ကိုဆရာတင် ကိုယ့်ကိုဆရာတင်၊ မြို့သိမ်း၊ ရွာသိမ်း၊ လယ်သိမ်း၊ လူသတ် အဖျက်လုပ်ရပ်မျိုးစုံနဲ့ မိုက်တွင်းနက်နေကြဆဲဖြစ်တယ်။ သိမ်းပြီးတဲ့မြို့ရွာတွေမှာ ဘာအုပ်ချုပ်ရေး၊ ပညာရေး၊ ဘာတည်ဆောက်ရေးလုပ်ငန်းမှ မလုပ်တတ်တဲ့အတွက် မြို့ကို ထိန်းချုပ်နိုင်ရုံ အဆင့်သာရှိတဲ့ သူပုန်ဘက်မှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အဖြေဆိုတာ မရှိနိုင်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးအတွက် လိုချင်တဲ့အဖြေက တရားတဲ့ဘက်မှာပဲ ရှိနေမယ်လို့ တပ်မတော်ရော ပြည်သူကပါ ယုံကြည်တဲ့အတွက် တပ်မတော်နဲ့ ပြည်သူဟာ အပြန်အလှန်ကူညီပြီး အပြန်အလှန်အမှီသဟဲပြုနေကြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် **နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးမှာ ပြည်သူပါဝင်ရမယ်ဆိုတဲ့ ဒဿနက လုံးဝမှန်ကန်ပါတယ်။ ပြည်သူပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာက အနာဂတ် နိုင်ငံတော်လုံခြုံရေးအတွက် မရှိမဖြစ် လိုအပ်လာပြီဖြစ်ပြီး အတွေ့အကြုံနဲ့ ရင်းပြီးမှရလာတဲ့ သင်ခန်းစာတစ်ခုလည်းဖြစ်လာပါပြီ။ ဒီအချက်ဟာ အရင်းအနှီး ကြီးကြီးမားမားပေးရပြီးမှ ရရှိလာတဲ့ နိုင်ငံနဲ့ပြည်သူ အတွက် အကျိုးအမြတ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် ယခုမပြီးသေးတဲ့စစ်ပွဲနဲ့အတူ အနာဂတ် နိုင်ငံလုံခြုံရေးအတွက် ပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်နဲ့ တပ်မတော်နဲ့အတူ လက်တွဲပါဝင်ထမ်းရွက်ကြပါဟု နှိုးဆော်လိုက်ပါတယ်။**

### တပ်မတော်ဆိုတာ

နိုင်ငံတော်မှာ အစိုးရဆိုလည်း တစ်ရပ်သာ၊ တပ်မတော်ဆိုလည်း တစ်ခုတည်းသော တပ်မတော်ပဲ ရှိရမယ်ဆိုတာကို ယနေ့ပြည်ထောင်စုတပ်မတော်ကြီးက အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့် ကျဆုံးလေပြီးသော တပ်မတော်သားတို့ရဲ့ သစ္စာ၊ မခြောက်သေးတဲ့ သွေးတွေကို စောင့်သိသောအားဖြင့် ဆုံးရှုံးသွားတဲ့ အချုပ်အခြာနယ်မြေအားလုံး မရရအောင် ပြန်ယူပြီး နိုင်ငံအခြေအနေကို မူလအတိုင်းပြန်လည်ရောက်ရှိအောင် လုပ်မယ်ဆိုတဲ့ ကတိစကားက ပေးလိုက်ရတဲ့မြေတွေ အကုန်ပြန်ယူ ပြန်ရမယ်ဆိုတဲ့ သဘော သက်ရောက်တာကြောင့် ရပ်ပိုင်းစိတ်ပိုင်း ကျဆင်းနေတဲ့ ပြည်သူတွေအတွက် အားတက်စရာ ဖြစ်စေတာတော့ အမှန်ပါပဲ။

သူများလက်ဝေခံဘဝနဲ့ သွေးဆာနေသူတွေ နိဂုံးချုပ်တော့မယ်ဆိုတဲ့ ယုံကြည်ချက်အပြည့်နဲ့ လှပလာမယ့်အနာဂတ်ကို စောင့်မျှော်နေကြမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပြည်သူကို ကတိသစ္စာရှိတဲ့ ဘဝမှာ တစ်ခါပဲ သေရမယ်၊ သေရင်လည်း သိက္ခာရှိရှိနဲ့ သေမယ်ဆိုတဲ့ တပ်မတော်သားတွေ မြန်မာပြည်မှာ အများကြီး ရှိပါတယ်။ စစ်မြေပြင်မှာ အံ့ဘနန်းဖွဲ့နပဲနဲ့ အသေခံတိုက်နေတဲ့ စစ်သားတွေ ထုနဲ့ထည်နဲ့ရှိပါတယ်။ နေ့ညမရွေး၊ ရာသီမရွေး စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်နေတဲ့ တပ်မတော်ပါ၊ ဘာကိုမှလဲ မှုနေမှာမဟုတ်တဲ့ ဒီလိုခံယူချက်ကို အလေးအနက်ထားခံယူပြီး နိုင်ငံနဲ့ ပြည်သူအတွက် ဆက်လက်ပေးဆပ်နေမှာပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

❑ ပြည်သူထဲမှာမနေ၊ နိုင်ငံခြားထွက်ပြေး၊ ခွက်ခေါက်လိမ်စား၊ တိုင်းပြည်နဲ့ လူမျိုးအတွက် နိုင်ငံရေး၊ လူမျိုးရေး ဘာခံယူချက်မှမရှိတဲ့ အချောင်သမားသက်သက်တွေကို မုန်းတီးကြတယ်။ စစ်ရေးနဲ့ မသက်ဆိုင်၊ အများသူငါသွားတဲ့ လမ်းတံတားဖျက်ဆီးတဲ့ အဖျက်သမားက အစိုးရလုပ်ချင်တယ်ဆိုတော့ ဒီလိုအဖွဲ့မျိုး ဘယ်သူက ထောက်ခံမလဲ၊ မတရားတဲ့နည်းနဲ့ နယ်မြေလုယူတဲ့ သူပုန် ဘယ်သူကပံ့ပိုးမလဲ၊ မူးယစ်ဆေးသုံးပြီးမှ စစ်တိုက်တတ်တဲ့ သောင်းကျန်းသူ ဘယ်သူက ကူညီမလဲ

❖ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးမှာ ပြည်သူပါဝင်ရမယ်ဆိုတဲ့ ဒဿနက လုံးဝမှန်ကန်ပါတယ်။ ပြည်သူပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာက အနာဂတ်နိုင်ငံတော်လုံခြုံရေးအတွက် မရှိမဖြစ် လိုအပ်လာပြီဖြစ်ပြီး အတွေ့အကြုံနဲ့ ရင်းပြီးမှရလာတဲ့ သင်ခန်းစာတစ်ခုလည်းဖြစ်လာပါပြီ။ ဒီအချက်ဟာ အရင်းအနှီး ကြီးကြီးမားမားပေးရပြီးမှ ရရှိလာတဲ့ နိုင်ငံနဲ့ပြည်သူအတွက် အကျိုးအမြတ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် ယခုမပြီးသေးတဲ့စစ်ပွဲနဲ့အတူ အနာဂတ်နိုင်ငံလုံခြုံရေးအတွက် ပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်နဲ့ တပ်မတော်နဲ့အတူ လက်တွဲပါဝင်ထမ်းရွက်ကြပါဟု နှိုးဆော်လိုက်ပါတယ်

# (၄၇) ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၈**

စနေနေ့တိုင်း ကျင်းပလျက်ရှိသည့် (၄၇) ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၌ ကျင်းပပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဘက်စုံအာဟာရဓာတ် စီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် သုတေသီများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက လူထုအခြေပြုသဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာယင်းမာစိုး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးဆိုင်ရာသဘာဝအရင်းအမြစ်များ သုတေသနဌာနခွဲ မြေဆီလွှာသိပ္ပံ သုတေသနဌာနစု သုတေသနမှူး ဒေါက်တာနီနီတင့်နှင့် ပါရဂူတန်းကျောင်းသူ မမျိုးသန္တာခိုင်တို့က သီးနှံစိုက်ပျိုး ထုတ်လုပ်မှုအတွက် ဘက်စုံအာဟာရဓာတ် စီမံခန့်ခွဲခြင်းဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် လက်တွေ့ဆောင်ရွက်ချက်များ၊ တောင်သူအကျိုးစီးပွားဖြစ်ထွန်းစေနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော ရေရှည်တည်တံ့သည့် စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းအဖြစ် အကျိုးပြုနိုင်မှုတို့ကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ ပညာရှင်များက ပြန်လည်ဖြေကြားကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ညောင်ရွှေမြို့၌ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်ကို သီတင်းကျွတ်လဆန်း ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်

**ညောင်ရွှေ စက်တင်ဘာ ၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့ အင်းလေးဖောင်တော်ဦးဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အစည်းအဝေးကို စက်တင်ဘာ ၇ ရက်က ညောင်ရွှေမြို့ ရတနာမာရ်အောင်ဘုရားအရှေ့ဘက်မုခ်၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် ပွဲတော်ကျင်းပရေးကော်မတီနာယက ဦးဘုန်းကြွယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ကျော်က ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်မှုကို ရှင်းလင်းဖတ်ကြားသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ယခင်နှစ်လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပွဲတော်တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြကြောင်းနှင့် ညောင်ရွှေမြို့၌ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်ကို သီတင်းကျွတ်လဆန်း ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

## တာချီလိတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြိုပြိုင်ပွဲများကျင်းပ

**တာချီလိတ် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းလင်းအနောက်အုပ်စု ပါလိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုး၊ ကျောင်းအုပ်ဆရာကြီး ဦးသက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)



## ပေါင်းတည်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မျောက်ကျောက်ရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေး

**ပေါင်းတည် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ စက်တင်ဘာ ၆ ရက်နှင့် စက်တင်ဘာ ၇ ရက်တို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မျောက်ကျောက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများ သိရှိနိုင်စေရန် အသိပညာပေး ပိုစတာများစိုက်ထူခြင်း၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ် ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပေါင်းတည် ပြည်သူ့ဆေးရုံ၊ မှတ်တိုင် တိုက်နယ်ဆေးရုံ၊ ကြာနီကန်တိုက်နယ်ဆေးရုံ၊ မြို့မဈေးကြီး၊ အထက (မင်းကွက်)၊ အိုအေစစ် စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်များတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နှိမ်နင်းရေး ဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်း၊ မျောက်ကျောက်ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ် ပျော်ကုန်းခေတ်မီစံပြကျေးရွာ၌ အသိပညာပေးဆွေးနွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်

**မိတ္ထီလာ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပျော်ကုန်းခေတ်မီစံပြကျေးရွာ၌ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် ကြက်ခြေနီအသင်းမှ ခရိုင်တာဝန်ခံ ဦးနေဦးက ကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မိတ္ထီလာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညောင်ကိုင်းတိုက်နယ် တာဝန်ခံ ဒေါ်သိန်းညွန့်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစုမိုမိုအောင်က တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အသိပညာများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ဌာနခွဲစာရေး ဒေါ်သန္တာသန်းက သမဝါယမစာရင်းကိုင်စာရင်းရေး သင်တန်းကို ပျော်ကုန်းကျေးရွာမှ သင်တန်းသား ၂၀ အား သင်တန်းပို့ချပေးခဲ့သည်။ ဆက်လက်၍ ညောင်ကိုင်းတိုက်နယ် ကျန်းမာရေးဝန်ထမ်းများက ပျော်ကုန်းကျေးရွာသူ ကျေးရွာသားများကို နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

*စာမျက်နှာ ၁၀ မှ*

နောက်ဆုံးမှာ တိုင်းပြည်ရဲ့ အခြေအနေဟာ တပ်မတော်နဲ့ပြည်သူ့ဘက်မှာသာ ရှိနေမယ်ဆိုတာ မမိုတ်မသုန် ယုံကြည်ထားဖို့ လိုပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဘယ်မှလည်းမပြေး၊ ဘယ်မှလည်း ရှောင်စရာမလိုပါ။ ကြောက်စိတ်ဟာ သေတာထက်တောင် ဆိုးတဲ့အတွက် အချို့နယ်မြေဒေသတွေမှာ ပြည်သူတွေကိုယ်တိုင် လက်နက်စွဲကိုင်ပြီး ပြည်သူ့လုံခြုံရေးအတွက် ပြည်သူတွေကိုယ်တိုင် ပါဝင်ထမ်းရွက်လာကြတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ တပ်မတော်ဟာ ဒေသဆိုင်ရာ တာဝန်ရှိသူတွေ၊ ပြည်သူတွေနဲ့ လက်တွဲပြီး အချို့ဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်နေကြပါပြီ။

အခြေအနေကောင်းပြီး ပြန်လည်ငြိမ်းချမ်းလာတဲ့အပေါ် ပြည်သူတွေ ဝမ်းသာနေကြပါတယ်။ ဒီအပျော်တွေ အခြားနေရာများဆီ အလျင်အမြန်ကူးစက်ပျံ့နှံ့သွားဖို့သာ လိုပါတယ်။ ယနေ့အရေးအခင်းမှာ ဘယ်သူက သမိုင်းတရားခံဖြစ်နေသလဲ၊ ဘယ်သူက သူရဲကောင်းလဲ ကွဲကွဲပြားပြား သိလာကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အချို့ဒေသတွေမှာ တချို့သောသူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို သင်ခန်းစာယူသင့်တာယူ၊ အတုယူသင့်တာယူပြီး အခြေအနေကောင်းတွေကို ဆက်လက်ဖန်တီးသွားကြမယ်လို့သာ ဆန္ဒပြုပြီး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်တို့နဲ့ ပူးပေါင်းကာ လက်တွဲညီညီ ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# မြို့နယ်အသီးသီး၌ ယနေ့တွင်ကျရောက်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**မက်မန်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကျောင်းစာများအပြင် ပြင်ပဗဟုသုတစာပေများ ပိုမိုဖတ်ရှုလေ့လာစေရန်၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများရရှိစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်က အောင်သံလွင်ကျေးရွာ (အ-ထ-က)ကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချို က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အောင်သံလွင်ကျေးရွာ (အ-ထ-က)ကျောင်းမှ Grade-11 ကျောင်းသား ကျောင်းသူ ၁၆ ဦးတို့က စာဖတ်စွမ်းရည် ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးသီတာထိုက်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချို၊ ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းလေးတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောဥမ္မာ(ပြန်/ဆက်)**



**ထန်းတပင်(ရန်ကုန်)**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အဖြစ် စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးနှင့် ကျောင်းသား ကျောင်းသူများက စက်တင်ဘာ ၇ ရက် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် မောင်သောင်းဝင်း(တမန်ဟောင်း)၏ “ပြည်သူများ စာတတ်မြောက်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု” ဆောင်းပါးပါ အကြောင်းအရာများကို အလှည့်ကျ ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးဝင်းခိုင်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းအကြောင်း သိကောင်းစရာများ၊ မြန်မာ့နေ့ထူးနေ့မြတ်များအကြောင်းကို ကျောင်းသား ကျောင်းသူများ မှတ်သားသိရှိနိုင်ရေးအတွက် ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူများအား ဒို့ကျေးရွာဂျာနယ် အတွဲ ၁၂၊ အမှတ် ၁၆ ထုတ်ပါ မောင်မောင်မြင့်(စက်မှုတက္ကသိုလ်)ရေးသားထားသည့် လူငယ်နှင့်စာဖတ်ခြင်း အတွေးအမြင်ပါ စာပေအကြောင်းအရာများ ဖတ်ရှုလေ့လာစေပြီး မေးခွန်းများမေးမြန်း၍ ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို မြို့နယ်ဦးစီးမှူးနှင့် စာထောက်-၃ ဒေါ်နန်းကောင်ခမ်းတို့က အမှတ်တရစာအုပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စက်တင်ဘာ ၈ ရက်တွင် ကျရောက်သည့် (၅၈)နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အဖြစ် စာပေချစ်မြတ်နိုးသူများအသင်း(Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းမောင်(နွေဦးမွန်)နှင့် အသင်းဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကာ စာရေးဆရာလူခါးနှင့် အခြားစာရေးဆရာများ ပါဝင်ရေးသားထားသည့် “လူငယ်နှင့် အောင်မြင်မှုပန်းတိုင်ဆီသို့” စာအုပ်ကို ဖတ်ရှုခဲ့ကြပြီး အဆိုပါစာအုပ်တွင်ပါရှိသည့် အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။

“အားကစားအတွက် အမြဲကူညီ
ရှေးဦးပြုစုခြင်း အသင့်ရှိသည်”

First Aid and Sports
Ready, Set, Respond

## ကျိုင်းတုံမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့အား အတတ်လည်းသင် ပဲ့ပြင်ဆုံးမ ဆရာများ၏ ဂုဏ်ကျေးဇူးကို သိတတ်နားလည်စေရန် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မြတ် ဆရာများအပေါ် အစဉ်လေးစား တန်ဖိုးထားစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက်က ကျင်းပသည်။



ထိုသို့ယှဉ်ပြိုင်ကြရာ ကျိုင်းတုံမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၁ ဦး၊ အလယ်တန်းအဆင့် ၂၁ ဦးနှင့် ကဗျာပြိုင်ပွဲတွင် အခြေခံပညာ အထက်တန်းအဆင့် ၁၈ ဦး၊ အလယ်တန်းအဆင့် ၂၈ ဦး စုစုပေါင်း ၈၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ယာဂီကြောင့် ကိုးဦး သေဆုံးကာ ၁၈၆ ဦး ဒဏ်ရာရ

**ဟန္နွိုင်း စက်တင်ဘာ ၈**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းသို့ စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းယာဂီကြောင့် ကိုးဦး သေဆုံးပြီး ဒဏ်ရာရသူ ၁၈၆ ဦး ရှိကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက စက်တင်ဘာ ၈ ရက်တွင် ထုတ်ပြန်သည်။

နှစ်ပေါင်း ၃၀အတွင်း အင်အားအပြင်းဆုံး တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူများအနက် ကမ်းရိုးတန်းပြည်နယ် ကွမ်းနင့်သ်မှ သုံးဦး၊ မြောက်ပိုင်းခရိုင် ဟိုင်ဒွမ်မှတစ်ဦး၊ ဟိုင်ဖုန်ဆိပ်ကမ်းမြို့မှတစ်ဦး၊ မြောက်ပိုင်းခရိုင် ဟွာဘင့်သ်မှ လေးဦးပါဝင်သည်ဟု ဆိုသည်။ ဒဏ်ရာရရှိသူများတွင် ကွမ်းနင့်သ်ပြည်နယ်မှ ၁၅၇ ဦး၊ ဟိုင်ဖုန်မှ ၁၃ ဦး၊ ဟန္နွိုင်းမှ ၁၀ ဦး၊ ဟိုင်ဒွမ်မှ ငါးဦး၊ ဟွာဘင့်သ်မှ တစ်ဦးပါဝင်သည်။

စက်တင်ဘာ ၈ ရက် နံနက်ပိုင်းအထိ ကွမ်းနင့်သ်ပြည်နယ်တွင် ကြီးမားသော လှိုင်းလုံးကြီးများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ငါးဖမ်းရေယာဉ် ၂၅ စင်း နစ်မြုပ်ခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းကြောင့် အိမ်ခြေ ၃၃၀၀ နီးပါး၊ စပါးနှင့် အခြားသီးနှံစိုက်ဧက ၁၂၁၅၀၀၊ သီးပင်စိုက်ခင်းဟက်တာ ၅၀၀၀ ကျော်နှင့် မြောက်ပိုင်းဒေသတွင် ငါးသားဖောက်လှောင်အိမ် ၁၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**




ဟန္နွိုင်းမြို့တော်ရှိ တူဝီထရယ် ပန်းခြံအပြင်ဘက် ကားရပ်နားကွင်းတွင် သစ်ပင်များပြိုလဲနေမှုကို တွေ့ရစဉ်။

## လူသားတွင်ကူးစက်သည့် အိတ်ချ် ၅ ကြက်ငှက်တုပ်ကွေးရောဂါသစ်ကို အမေရိကန်အတည်ပြု

**နယူးယောက် စက်တင်ဘာ ၈**

အမေရိကန်ပြည်ထောင်စု မစ်ဆူရီပြည်နယ်တွင် အိတ်ချ် ၅ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသူတစ်ဦးကို အတည်ပြုနိုင်ခဲ့ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) ၏ ထုတ်ပြန်ချက်အရ သိရသည်။ ရောဂါပိုးရှိသည့် တိရစ္ဆာန်နှင့်ထိတွေ့မှုမရှိဘဲ လူသားတွင်ကူးစက်မှု ပထမဆုံးအကြိမ်လည်းဖြစ်ကြောင်း သိရသည်။

### လူနာ ဆေးရုံမှ ဆင်းသွားပြီ

အဆိုပါကူးစက်မှုကို မစ်ဆူရီပြည်နယ်၏ တုပ်ကွေးရောဂါကူးစက်မှုစောင့်ကြည့်ရေးစနစ်မှ ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလူနာမှာ ဆေးရုံ၌ ဆေးကုသမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း စီဒီစီက ပြောသည်။

### ၁၄ ဦးမြောက် ကူးစက်ခံရသူဖြစ်

၎င်းမှာ အမေရိကန်ပြည်ထောင်စု၌ ယခုနှစ်အတွင်း ၁၄ ဦးမြောက် အိတ်ချ် ၅ ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသူလည်းဖြစ်သည်။ စုဆောင်းရရှိထားသည့် အချက်အလက်များအရ အိတ်ချ် ၅ အင်န် ၁ ရောဂါသည် အများပြည်သူများထံ ကူးစက်နိုင်ချေနည်းသည်ဟု စီဒီစီက အကဲဖြတ်ထားသည်။

**ဆင်ဟွာ**

## ဂါဇာအပစ်အခတ် ရပ်စဲရေးဆွေးနွေးမှု ဟားမားစ်တို့ တောင်းဆိုချက်အသစ်ကြောင့် မသေမချာဖြစ်နေ

**ဂါဇာ စက်တင်ဘာ ၈**

အစ္စရေးနှင့်ဟားမားစ်တို့အကြား အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လွှတ်ပေးရေး ဆွေးနွေးညှိနှိုင်းမှုများမှာ ဟားမားစ်အဖွဲ့၏တောင်းဆိုချက်အသစ်ကြောင့် မသေချာမရေရာသည့် အခြေအနေသို့ ရောက်ရှိနေသည်။

အမေရိကန်နှင့် ကြားဝင်စေ့စပ်ပေးသည့် အခြားသောနိုင်ငံများသည် အပစ်အခတ်ရပ်စဲရေးအတွက် ၎င်းတို့၏အဆိုပြုချက်ကို ပြန်လည်သုံးသပ်နေကြသည်ဟု ဝါရှင်တန်ပို့စ်တွင် စက်တင်ဘာ ၇ ရက်က ဖော်ပြခဲ့သည်။

ဓားစာခံများနှင့် ပါလက်စတိုင်း အကျဉ်းသားများ အပြန်အလှန်လွှတ်ပေးရေး တောင်းဆိုမှုအသစ်တစ်ရပ်ကို ဟားမားစ်တို့က တောင်းဆိုခဲ့သည်ဟု ဖော်ပြထားသည်။ စေ့စပ်ညှိနှိုင်းမှု၏ အဓိက အခက်အခဲမှာ အပစ်အခတ်ရပ်စဲရေးစတင်ပါက အစ္စရေးတို့သည် ဂါဇာကမ်းမြောင်ဒေသ၏ အဓိကမဟာဗျူဟာကျသော နေရာများတွင် ၎င်းတို့၏တပ်ဖွဲ့ဝင်များကို ဆက်လက်ထားရှိမည် ဆိုသည့် အချက်ပင်ဖြစ်သည်။

အစ္စရေးဓားစာခံများ လွတ်မြောက်ရေးအတွက် ဟားမားစ်တို့နှင့် သဘောတူညီမှု စောစီးစွာပြုလုပ်ရန် စက်တင်ဘာ ၇ ရက်က စုဝေးတောင်းဆိုမှုများ အစ္စရေးနိုင်ငံတစ်လွှား ပေါ်ပေါက်ခဲ့သည်။ အစ္စရေးနှင့်ဟားမားစ်တို့အကြား ဖြစ်ပေါ်ခဲ့သည့် တိုက်ပွဲများကြောင့် စက်တင်ဘာ ၈ ရက်အထိ ပါလက်စတိုင်း ၄၀၉၃၉ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ပါလက်စတိုင်းကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ငလျင်ဘေးဒဏ်ခံ ပြည်သူများနေထိုင်သည့် ရွက်ဖျင်တဲများကို တွေ့ရစဉ်။

## တစ်နှစ်ကြာလာပြီဖြစ်သော်လည်း မော်ရိုကို ငလျင်မှ အသက်ရှင်ကျန်ရစ်သူများ ရွက်ဖျင်တဲများဖြင့်သာ နေထိုင်ရဆဲဖြစ်

**ရာဘတ် စက်တင်ဘာ ၈**

မော်ရိုကို ငလျင်လှုပ်ခတ်မှုမှ အသက်ရှင် ကျန်ရစ်သူများသည် အချိန်ကာလ တစ်နှစ်ကြာမြင့်လာပြီဖြစ်သော်လည်း ရွက်ဖျင်တဲများဖြင့်သာ နေထိုင်နေရဆဲဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမှ ထောက်ပံ့ကူညီမှုများ ရရှိရေး အကူအညီပေးရေး လုပ်သားများက တောင်းဆိုနေကြသည်။

လွန်ခဲ့သည့်နှစ် စက်တင်ဘာ ၈ ရက်က မော်ရိုကိုအလယ်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သည်။ ငလျင်ကြောင့် ၂၉၀၀ သေဆုံးခဲ့ရပြီး အဆောက်အအုံပေါင်း ၅၅၀၀၀ ခန့် ပျက်စီးခဲ့ရသည်ဟု မော်ရိုကို အစိုးရက ပြောသည်။ ယခုအချိန်အထိ အိမ်ရာပေါင်း ၁၀၀၀ ခန့်သာ ဆောက်လုပ်ပြီးစီးခဲ့သည်။

ယခုလအစောပိုင်းက ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တွင် ယာယီတဲများ တန်းစီနေသည်ကို တွေ့ရသည်။ ဆောက်လုပ်ရေးလုပ်ငန်းများမှာ နှေးကွေးစွာပြုလုပ်နေပြီး အချို့သောနေရာများတွင် ရန်ပုံငွေပြတ်လပ်မှုများကြောင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများမှာ နှေးကွေးရခြင်း ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ အဖွဲ့ချုပ်က ပြောသည်။

ရွက်ဖျင်တဲဖြင့် နေထိုင်ရသူများမှာ ပြင်းထန်သည့်အပူချိန်နှင့် မိုးသည်းထန်စွာ ရွာသွန်းသည့် အခြေအနေတို့ကို ခံစားနေရသည်ဟု ၎င်းတို့က ဆက်ပြောသည်။

မော်ရိုကိုငလျင်အပြီး ဂါဇာအရေးကိစ္စကို တစ်ကမ္ဘာလုံးက အာရုံစူးစိုက်နေကြသည့်အတွက် ငလျင်မှ အသက်ရှင်ကျန်ရစ်သူများသည် ၎င်းတို့အနေဖြင့် မေ့လျော့ခံ လူသားများဖြစ်လာသည်ဟု ခံစားနေရကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ အဖွဲ့ချုပ်မှ ဒေသတွင်း ကိုယ်စားလှယ်ဖြစ်သူက ပြောသည်။

**အင်န်အိတ်ချ်ကေ**



## ဂီနီနိုင်ငံရှိ ကလေးနှစ်သန်းခွဲကို ပိုလီယိုကာကွယ်ဆေးထိုး လှုပ်ရှားမှုစတင်

**ကွန်နက်ခရီ စက်တင်ဘာ ၈**

ဂီနီနိုင်ငံအရှေ့ပိုင်း ကင်ဒီယာတွင် စက်တင်ဘာ ၇ ရက်က စတင်ခဲ့သည့် အမျိုးသား ပိုလီယိုကာကွယ်ဆေးထိုးနှံသည့် လှုပ်ရှားမှုအတွင်း အသက်ငါးနှစ်အောက် ကလေးနှစ်သန်းခွဲခန့်ကို ကာကွယ်ဆေးထိုးနှံရန် စီစဉ်ထားကြောင်း တရားဝင် သတင်းရင်းမြစ်များအရ သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုသည် နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေး ခရိုင် ၂၀ ခု အကျုံးဝင်မည်ဖြစ်ပြီး ကလေးငယ်များတွင် လေငန်းရောဂါဖြစ်စေသော ရောဂါကိုတိုက်ဖျက်ရန် ကာကွယ်ဆေးများ ထပ်မံထိုးပေးမည် ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး အူမာဒရူဟီဘားက ပြောကြားသည်။

ရောဂါကူးစက်မှု အန္တရာယ်ရှိသော ဒေသများတွင် ကလေးများကို ကာကွယ်ရန် ကျန်းမာရေးဌာနများတွင် လုံလောက်သောကာကွယ်ဆေးများရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## သီရိလင်္ကာအလုပ်သမားများ၏ ငွေလွှဲပို့မှုနှုန်း ၁၅ ရာခိုင်နှုန်း တိုးတက်

**ကိုလံဘို စက်တင်ဘာ ၈**

သီရိလင်္ကာအလုပ်သမားများ၏ ငွေလွှဲပို့မှုသည် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၅၇၇ ဒသမ ၅ သန်းအထိ စံချိန်တင်ခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၁၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဗဟိုဘဏ်၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း ပြည်ပသို့သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများထံမှ လွှဲပို့ငွေ ဒေါ်လာ ၄ ဒသမ ၂၈ ဘီလီယံရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် သီရိလင်္ကာအလုပ်သမားများ၏ လွှဲပို့ငွေသည် ဒေါ်လာ ၅ ဒသမ ၉၆ ဘီလီယံအထိရှိခဲ့သည်။

ခရီးသွားလုပ်ငန်းနှင့် ပြည်ပရွှေ့ပြောင်း အလုပ်သမားများ၏ ငွေလွှဲမှုများသည် သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် လုပ်ငန်းများဖြစ်သည်။

**ဆင်ဟွာ**

ပရီမီယာလိဂ်ဆိုတာ ရာသီအစကနေ ရာသီအဆုံးအထိ အမြဲတမ်းလိုလိုစိတ်လှုပ်ရှားစရာကောင်းတဲ့ လိဂ်တစ်ခုဆိုရင် မှားဖွယ်ရာ မရှိပေ။ နောက်ပြီး ရာသီသိမ်းချိန်မှာ ပရီမီယာလိဂ်ဖလားကို ဘယ်အသင်းက ရယူဆွတ်ခူးသွားမလဲ ဆိုတာ စိတ်ဝင်စားဖို့ကောင်းသလို ချန်ပီယံလိဂ်ဝင်ခွင့်ကနေ ယူရိုပါလိဂ်ဝင်ခွင့်တွေ၊ ယူရိုပါကွန်းဖရင့်လိဂ်ဝင်ခွင့်တွေအပြင် တန်းမဆင်းရရေး အားပြိုင်မှုတွေအထိ ဖျော်ဖြေမှုအတိပေးစွမ်းတဲ့ လိဂ်တစ်ခုဆိုရင်လည်း မှားနိုင်မယ် မထင်ပေ။




# အသင်းရဲ့ လိုအပ်ချက်ကို နည်းပြတန်ဟက် အချိန်မီ မပြင်ဆင်နိုင်ခဲ့ရင် . . .

**သုံးသပ်ချက် - မိုးဇက်**

ပရီမီယာလိဂ်ပွဲစဉ် (၄) ၊ စက်တင်ဘာ ၁၄ ရက်၊ ည ၆ နာရီ

**ဆောက်သမ်တန် VS မန်ယူ**

ဒီ့အပြင် ဘယ်ကစားသမားတွေက ဘယ်လိုခြေစွမ်းတွေပြပြီး ရာသီပိတ်သိမ်းချိန်မှာ ဂိုးသွင်းအများဆုံးဆုတွေ၊ အကောင်းဆုံးဆုတွေ ဆွတ်ခူးသိမ်းပိုက်သွားနိုင်မလဲဆိုတာကလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းတယ်။ အဲဒီလို စိတ်လှုပ်ရှားစရာတွေ၊ စိတ်ဝင်စားဖွယ်ရာတွေပြည့်နှက်နေတဲ့ ပရီမီယာလိဂ်မှာ စစ်မရောက်ခင် မြားကုန်ဖို့တာဆူနေတဲ့ မန်ယူအသင်းရဲ့ ကစားပုံ၊ ကစားဟန်အပြင် အသင်းကစားသမားတွေနဲ့ပတ်သက်ပြီး ကစားတဲ့ ရက်သတ္တပတ်တိုင်း၊ ရက်တိုင်း ပြောရမလို ဖြစ်လာတယ်။

### အဆုံးသတ်သွင်းယူမှုအပိုင်း အားနည်း

မန်ယူအသင်းက ရာသီမစခင်မှာ နာမည်ကြီး မျက်နှာသစ်ကစားသမားတွေ အများအပြား ခေါ်ယူအားဖြည့်ထားတာကြောင့် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရေး စိန်ခေါ်ပြောဆိုမှုတွေကြား ထဲထဲဝင်ဝင်ပါနေပေမယ့် ရာသီအစ သုံးပွဲ ကစားပြီးချိန်မှာ နှစ်ပွဲအထိ ရှုံးနိမ့်ထားတာကြောင့် အဲဒီစိန်ခေါ်ပြောဆိုမှုတွေထဲကနေ သွေဖည်ကာ စစ်မရောက်ခင် မြားကုန်နေပြီလားဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာတယ်။ စက်တင်ဘာ ၁ ရက် ညပိုင်းက မန်ယူအသင်း နောက်ဆုံးကစားခဲ့တဲ့ လီဗာပူးနဲ့ ပွဲစဉ်မှာဆိုရင် အသင်းကစားပုံ မဆိုးဘူးလို့ ဆိုနိုင်ပေမယ့် ဂိုးရရှိနိုင်တဲ့ အခွင့်အရေး ဖန်တီးမှုအပိုင်း၊ အဆုံးသတ်သွင်းယူမှု အပိုင်းတွေမှာ သိသိသာသာ အားနည်းတာ တွေ့ရတယ်။

### ခံစစ်ပိုင်း အလွန်ဆိုးရွား

တိုက်စစ်ပိုင်းက သုံးပွဲမှာ အာမက် ဒီရယ်လိုနဲ့ ဇီဇီးတို့ရဲ့ သွင်းဂိုး နှစ်ဂိုးသာ ရှိတယ်။ ခံစစ်ပိုင်းက အလွန်ဆိုးရွားပြီး ဝါရင့်ခံစစ်ကစားသမား မာတီနက်ဇ်ပါဝင်လာသည့်တိုင် အဲဒီသုံးပွဲမှာ ငါးဂိုးအထိ ခွင့်ပြုပေးထားရတယ်။ နည်းပြအပြောင်းအလဲ၊ ကစားသမားအပြောင်းအလဲတွေပြုလုပ်ထားတဲ့ လီဗာပူးအသင်းဆိုရင် သုံးပွဲကစားပြီး သုံးပွဲစလုံး နိုင်ပွဲရရှိထားတဲ့အပြင် သုံးပွဲစလုံး ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်တဲ့အထိ အောင်မြင်မှုတွေ ရရှိနေတယ်။ ဒီ့အပြင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို ကြည့်ရင်လည်း တစ်ပွဲ

> **မန်ယူအသင်းက ကစားပြီးတဲ့ သုံးပွဲမှာ တခြားပြိုင်ဘက်အသင်းတွေထက် ဂိုးရရှိဖို့နီးစပ်တဲ့ အခွင့်အရေး ကိုးကြိမ်အထိ အများဆုံးရရှိခဲ့သော်ငြား အသင်းတိုက်စစ်က ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်း မရှိခဲ့ဘူး**

သုံးဂိုးနှုန်း သွင်းယူနိုင်တဲ့အထိ ခြေစွမ်းပြသထားနိုင်တယ်။

ဩဂုတ် ၂၄ ရက် ညပိုင်းက ပွဲစဉ် (၂) အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘရိုက်တန်နဲ့ ပွဲစဉ်မှာဆိုရင်လည်း ဂိုးရရှိနိုင်တဲ့ အခွင့်အရေး ဖန်တီးနိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှု၊ ပြိုင်ဘက်အသင်းအပေါ် ဖိအားပေးကစားထားနိုင်မှုတွေ ပြုလုပ်ထားနိုင်တာကြောင့် ခြေစွမ်းပိုင်းအရ မဆိုးဘူးလို့ ဆိုနိုင်ပေမယ့် တိုက်စစ်အဆုံးသတ်ပိုင်း အားနည်းမှုနဲ့ ခံစစ်ကစားပုံ လိုအပ်ချက်တွေကြောင့် ရလဒ်ပိုင်းအရ ရှုံးပွဲကြုံတွေ့ခဲ့ရတာလို့ ဆိုကြတယ်။ မည်သို့ပင်ဆိုစေ အဲဒီပွဲစဉ်မှာ မန်ယူအသင်းကစားသမားတွေ ဒီထက်အဆုံးသတ်သေချာခဲ့ရင် မနိုင်ရင်တောင် သရေကျခဲ့သင့်တယ်လို့လည်း ဆိုကြတယ်။

### မော်အစွမ်းနဲ့ မပြောင်းလဲနိုင်

နည်းပြတစ်ယောက်က မော်အစွမ်းနဲ့ ပွဲရလဒ်အဖြေတွေ၊ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်တွေကို ရုတ်ခြည်းပြောင်းလဲနိုင်စွမ်းမရှိဘူးဆိုတာမှန်ပေမယ့် လူထုတ်ပုံ လွဲမှားမှု၊ ပြိုင်ဘက်အသင်းအပေါ်ချဉ်းကပ်ပုံ မှားယွင်းမှုတွေကို အချိန်မီ ပြင်ဆင်နိုင်ခဲ့ရင် ဒီလောက်အထိ ဆိုးဆိုးရွားရွား ဖြစ်စရာမရှိဘူးလို့ ဘောလုံးကျွမ်းကျင်သူတွေက ဝေဖန်ထောက်ပြကြတယ်။

### ဂိုးကန်သွင်းခွင့်တောင် မရခဲ့

အဖွင့်ပွဲစဉ်မှာ ဖူလ်ဟမ်ကို လူစားဝင်တိုက်စစ်ကစားသမား ဇီဇီးရဲ့ နောက်ကျသွင်းဂိုးကြောင့် နိုင်ပွဲရခဲ့တယ်ဆိုပေမယ့် တိုက်စစ်ပိုင်း အတော်လေးဆိုးရွားတယ်။ တိုက်စစ်ကစားသမား ရက်ဖို့ဒ်ဆိုရင် ဂိုးရဖို့ နေနေသာသာ ဂိုးကန်သွင်းခွင့်တောင် မရခဲ့ဘူး။ ၂၀၂၂-၂၀၂၃ ရာသီမှာ ရက်ဖို့ဒ်က မြန်နှုန်းမြင့် စွမ်းဆောင်ရည်၊ နေရာယူမှုမှန်ကန်မှု၊ ဂိုးဧရိယာအတွင်း အဆုံးသတ် သေချာမှုတွေကြောင့် ပြိုင်ပွဲအရပ်ရပ် ၅၆ ပွဲမှာ ဂိုး ၃၀ သွင်းယူထားနိုင်တဲ့အထိ ခြေစွမ်းပြသကာ ကစားသမားဘဝ အအောင်မြင်ဆုံးရာသီကို ပိုင်ဆိုင်ခဲ့တယ်။ ဒါပေမယ့် ၂၀၂၃-၂၀၂၄ ရာသီမှာတော့ ပြိုင်ပွဲစုံ ၄၃ ပွဲမှာ ရှစ်ဂိုးသာ သွင်းယူနိုင်တဲ့အထိ ခြေစွမ်းကျဆင်းသွားတယ်။

၂၀၂၂ ခုနှစ် ဩဂုတ်လက နယ်သာလန်ကလပ် အိုင်းယက်စ်အသင်းကနေ အိုးထရက်ဖို့ဒ်ကို ပြောင်းရွှေ့ကြေး ပေါင် ၈၂ သန်းနဲ့ ရောက်လာတဲ့ ဘရာဇီးညာတောင်ပံကစားသမား အန်တိုနီဆိုရင်လည်း ပွဲထွက်ရာသီ ပြိုင်ပွဲစုံ ၄၄ ပွဲမှာ ရှစ်ဂိုးအထိ သွင်းယူထားနိုင်ပေမယ့် ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ရာသီမှာတော့ ပြိုင်ပွဲစုံ ၃၈ ပွဲမှာ သုံးဂိုးသာ သွင်းယူနိုင်တဲ့အထိ ခြေစွမ်းကျဆင်းသွားတယ်။ ဒီ့အပြင် အန်တိုနီ မတိုင်မီ ဂျာမန်ကလပ် ဒေါ့မွန်အသင်းထံကနေ ပေါင် ၇၃ သန်းနဲ့ ခေါ်ယူခဲ့တဲ့ တောင်ပံကစားသမား ဆန်ချိုဆိုရင်လည်း နည်းပြနဲ့ အသင်းပရိသတ်တွေက အများကြီးလုပ်ပြနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြပေမယ့်လည်း မှန်းချက်နဲ့ နှမ်းထွက်မကိုက်တာကြောင့် ပြီးခဲ့တဲ့လမှာ အပြီးသတ်ဝယ်ယူခွင့်နဲ့အတူ ချယ်ဆီးအသင်းထံ အငှားစေလွှတ်လိုက်ပြီ ဖြစ်တယ်။

### လုံလောက်တဲ့ စွမ်းဆောင်မှုမျိုး ထုတ်ပြထားနိုင်ခြင်း မရှိသေး

မန်ယူအသင်းနည်းပြ တန်ဟက်က အဲဒီလို ခြေစွမ်းပြသထားနိုင်ခြင်းမရှိတဲ့ တန်ကြေးမြင့်ထိပ်တန်းကစားသမားတွေနေရာကို တက်သစ်စ လူငယ်ကစားသမားတွေ၊ အခြားကစားသမားတွေနဲ့ အစားထိုးသုံးစွဲလာခဲ့ပေမယ့် လူငယ်ကစားသမားတွေမှာ အသင်းဖော်တွေနဲ့ အသားကျအောင်၊ အသင်းကစားကွက်နဲ့ အံဝင်ခွင်ကျဖြစ်အောင် ခက်ခက်ခဲခဲရုန်းကန်နေရတဲ့အပြင် အကွက်မြင်တဲ့ ဖန်တီးမှုတွေ၊ အပိုင်အခွင့်အရေးတွေကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိတာတွေကြောင့် ပွဲစဉ်တိုင်းနီးပါး နိုင်ပွဲရရေး အခက်တွေ့နေတာလို့ ဆိုနိုင်တယ်။ နောက်ပြီး ပြီးခဲ့တဲ့ရာသီမှာ ခြေစွမ်းကောင်းတွေ ပြသထားနိုင်တဲ့ အသင်းခေါင်းဆောင် ဖာနန်ဒက်စ်၊ မိုင်နူး၊ ဂါနာချိုတို့ ဆိုရင်လည်း ဒီရာသီမှာ လုံလောက်တဲ့ စွမ်းဆောင်မှုမျိုး ထုတ်ပြထားနိုင်ခြင်း မရှိသေးဘူး။

ပြောမယ်ဆိုရင် မန်ယူအသင်းက ကစားပြီးတဲ့ သုံးပွဲမှာ တခြားပြိုင်ဘက်အသင်းတွေထက် ဂိုးရရှိဖို့ နီးစပ်တဲ့ အခွင့်အရေး ကိုးကြိမ်အထိ အများဆုံးရရှိခဲ့သော်ငြား အသင်းတိုက်စစ်က ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းမရှိခဲ့ဘူး။ တိုက်စစ်ပိုင်းမှာ သွင်းဂိုးတွေအတွက် အားကိုးစရာ ကစားသမားတွေအဖြစ် ဟွိုက်လန်း၊ အန်တိုနီ၊ ရက်ဖို့ဒ်၊ ဂါနာချို၊ ဒီရယ်လိုတို့ရှိသော်ငြား လက်ရှိအချိန်အထိ သွင်းဂိုး နှစ်ဂိုးသာ သွင်းယူထားနိုင်သေးတာကြောင့် လိုချင်တဲ့ရလဒ်နဲ့ ထွက်လာတဲ့ အဖြေက ပြောင်းပြန်ဖြစ်နေတာ ဖြစ်တယ်။

### ထုတ်ပယ်ခံရနိုင်ခြေများ

ကစားသမားတွေကြား စည်းလုံးမှုအားနည်းခြင်း၊ ပွဲအပေါ် အာရုံစိုက်မှုနည်းပါးခြင်း၊ နိုင်လိုစိတ်ပြင်းထန်မှုမရှိခြင်း စတဲ့ အချက်အလက်တွေဖြစ်ပေါ်နေတဲ့ မန်ယူအသင်းအနေနဲ့ ဖလားဆွတ်ခူးရေးလမ်းကြောင်းကနေ ရာသီအစကတည်းက သွေဖည်သွားပြီလားဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာတယ်။ ပြီးခဲ့တဲ့ရာသီတွေမှာ အသင်းရလဒ်ဆိုးရွားနေတဲ့ကြားက ဖလားဆွတ်ခူးနိုင်ခဲ့တယ်ဆိုပေမယ့် နည်းပြအလိုရှိတဲ့ ကစားသမားတွေကို အရခေါ်ယူပေးထားတဲ့ ဒီရာသီမှာ အသင်းပိုင်ရှင် ရက်ကလစ်ဖ် လိုချင်တဲ့၊ အသင်းပရိသတ်တွေ လိုလားတောင့်တတဲ့ပုံစံမျိုး၊ ရလဒ်မျိုး ထွက်ပေါ်လာခြင်းမရှိတာကြောင့် နည်းပြတန်ဟက်အနေနဲ့ အသင်းရဲ့လိုအပ်ချက်တွေကို အချိန်မီ မပြင်ဆင်နိုင်ခဲ့ရင် အချိန်မတိုင်ခင် နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံရနိုင်ခြေများနေပြီလို့လည်း ဆိုကြတယ်။

### အောင်မြင်မှုတွေ ဆက်လက်ရယူသွားနိုင်မလား

မည်သို့ပင်ဆိုစေ အိုင်းယက်စ်အသင်းမှာ ဖြစ်တည်ခြင်းတွေ ကောင်းခဲ့ပေမယ့် နေရာလွဲပြီး ပွင့်ခဲ့တဲ့ပန်းလို ဆုတောင်းများ မှားခဲ့လေသလားလို့ ထင်ရတဲ့ နည်းပြတန်ဟက်ရဲ့ မန်ယူအသင်း တစ်ခန်းရပ်ပြဇာတ်ဟာ အချိန်မတိုင်ခင် နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံရပြီး အဆုံးသတ်သွားမလား ဒါမှမဟုတ် စစ်မရောက်ခင် မြားမကုန်ဖို့နဲ့ မြားကုန်ပြီး အောင်မြင်မှုတွေ ဆက်လက်ရယူသွားနိုင်မလားဆိုတာ လက်ကျန်ပွဲစဉ်တွေကို လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ ။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် ၃၀၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၉ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၃၉၀၄၁၅) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဆေးဝါးနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၃၉၀၄၁၅)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၉၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၄၈၄၇၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးတစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၇၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့နယ် အောင်တော်မူဘုရားအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၂၈၀ တန်၊ အခြားသစ် ၁၄ ဒသမ ၄၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၄၃၅၂၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၈၆၇၀၉၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

စက်တင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၁၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace နှစ်စီး၊ Mitsubishi Fuso Truck တစ်စီးနှင့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘုရားကြီးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၅၁၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ တရားမဝင် အခြားသစ် ၀ ဒသမ ၁၅၉ တန်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁၂၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၇ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nidi Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၈၃၈၀၀၅ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ပါရာဒစ်ရှ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၄၀ ခန့်၊ ဒီဂါမြို့၏ တောင်ဘက် ရေမိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် နံနက် ၁၀ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၈ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၇ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း ကမ်းခြေ-အနောက် ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်တို့မှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ နေ့လယ်မှ ၁၂-၉-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

❖ *ကျောဖုံးမှ*

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်းတွင် နိုင်ပွဲယူပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ပွဲအစမှာပင် ဂိုးစတင်ရှရိခဲ့သဖြင့် ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဘာကာယိုကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဧရာဝတီအသင်း ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းလာသော်လည်း ရှမ်းယူနိုက်တက်ဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြနေသဖြင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ၆၂ မိနစ်တွင် ဧရာဝတီယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ရန်နိုင်လင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီး နောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးရရှိရန် ကစားသမားများပြောင်းလဲပြီး တိုက်စစ်မြင့်လာရာ ၈၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး ရင်တာရိုက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အနိုင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဧရာဝတီယူနိုက်တက် ဂိုးသမား ဟိန်းထက်စိုးက ရရှိသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် တန်းတက်အသင်းကို ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တောင်ပံတိုက်စစ်ကစားသမား ဥက္ကာနိုင်က ၃၊ ၃၇၊ ၆၉ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်အနိုင်ဂိုးများကို ၄၅+၁ မိနစ်တွင် ရန်ကျော်ထွေး၊ ၅၉ မိနစ်တွင် ဒေးဗစ်ထန်၊ ၆၂ မိနစ်တွင် လမင်းထွေးတို့က သွင်းယူသည်။ Dagon Port အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၅ မိနစ်တွင် စည်သူနိုင်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ဥက္ကာနိုင်က ရရှိသည်။

ပွဲစဉ်(၉) နောက်ဆုံးနေ့ကို စက်တင်ဘာ ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## ကချင်ပြည်နယ်၌ တောင်သူများအား မိုးစပါးစိုက်ပျိုးရေး ကြိုးပမ်းအားထုတ်မှု အကောင်းဆုံးဆုများချီးမြှင့်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တောင်သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

**မြစ်ကြီးနား စက်တင်ဘာ ၈**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၇ ရက်က မြစ်ကြီးနားမြို့ စက်မှုဇုန်ရပ်ကွက်အတွင်းရှိ ဗလမင်းထင် ဧက ၁၀၀ စံပြစိုက်ကွင်း၌ ကျင်းပသည့် မိုးစပါးစိုက်ခင်းများအတွင်း တောင်သူအသိပညာပေး မြေဩဇာ စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဗလမင်းထင် စိုက်ကွင်းသည် ယခင်က ရေဝပ်ဇရိယာတစ်ခု ဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ယခုမြင်တွေ့ရသကဲ့သို့ မိုးစပါးစိုက်ခင်းများဖြင့် စိမ်းလန်းစိုပြည် သာယာလှပပြီး အများ ပြည်သူအပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် ကြိုးစားအကောင်အထည်ဖော်နိုင်ခဲ့မှုအပေါ် များစွာ ဂုဏ်ယူကြောင်း၊ ကွင်းအတွင်းရှိ တောင်သူများအနေဖြင့် မိုးစပါးရာနှုန်းပြည့် အထွက်တိုးရေး၊ နွေ/ မိုး/ ဆောင်း သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးပေးခြင်းဖြင့် ဒေသတွင်း နည်းပေးလမ်းပြ၊ အတုယူစရာ စံပြစိုက်ကွင်းတစ်ခုအဖြစ် စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်း ကြိုးစားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးလွင်က စံပြစိုက်ကွင်းအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ စဉ်ဆက်မပြတ် စိုက်ပျိုးနည်းပညာ ပံ့ပိုးမှု၊ မိုးစပါးအထွက်တိုးနည်းလမ်းများ၊ ဆောင်းသီးထပ် ဆီထွက်သီးနှံတိုးမြှင့်စိုက်ပျိုးနိုင်သည့် အချက်အလက်များကို တောင်သူအသိပညာပေး ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စံပြကွင်းအတွင်း မိုးစပါးစိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်စွာ ကြိုးပမ်းအားထုတ် စိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့ကြသော တောင်သူများအား ပျိုးသက်မှန် စိုက်ပျိုးခြင်းဆု၊ ကောက်ကွက် အပြည့်မီဆုံးဆု၊ ပေါင်းမြက် ကင်းရှင်းခြင်းဆု၊ ကြိုးပမ်းအားထုတ်မှု အကောင်းဆုံးဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး မိုးစပါးစိုက်ကွင်းအတွင်း တောင်သူများ၏ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြစုပေါင်းကြဲပက်မှုကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား တက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ သန်းခေါင်စာရင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဟောပြောခြင်းကို စက်တင်ဘာ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ပြုလုပ်သည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးစောဝဏ္ဏက သန်းခေါင်စာရင်းကောက်ယူမည့်ရည်ရွယ်ချက်၊ ဖြေကြားသည့် အချက်အလက်လုံခြုံစိတ်ချရေးနှင့် အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းထားမှုအပါအဝင် သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးမိုးစိန်နှင့် ပူးပေါင်းအဖွဲ့များက လူစည်ကားရာနေရာများတွင် သန်းခေါင်စာရင်းကောက်ယူမည့်အသိပညာပေးလက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။


မြို့နယ်(ပြန်/ဆက်)




## ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Moni–toring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၁ ခု (ပုံ–၁)တွင် ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း မိုးရွာသွန်းခဲ့သည့်စခန်း ၃၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ–၂)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၅ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ |
| ၃ | ပူတာအို | ၆.၉ |
| ၄ | ဗန်းမော် | ၇.၀ |
| ၅ | ခန္တီး | ၆.၆ |
| ၆ | တောင်ကြီး | ၆.၆ |
| ၇ | မိုင်းဆတ် | ၆.၇ |
| ၈ | ကျိုင်းတုံ | ၆.၉ |
| ၉ | စစ်ကိုင်း | ၆.၇ |
| ၁၀ | ဟုမ္မလင်း | ၇.၆ |
| ၁၁ | ညောင်ဦး | ၇.၁ |
| ၁၂ | မုံရွာ | ၆.၉ |
| ၁၃ | ပျဉ်းမနား | ၇.၈ |
| ၁၄ | ပြင်ဦးလွင် | ၆.၆ |
| ၁၅ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၆ | မှော်ဘီ | ၇.၀ |
| ၁၇ | မကွေး | ၆.၈ |
| ၁၈ | အောင်လံ | ၆.၉ |
| ၁၉ | စစ်တွေ | ၆.၆ |
| ၂၀ | ကျောက်ဖြူ | ၇.၀ |
| ၂၁ | ပြည် | ၇.၀ |
| ၂၂ | ပဲခူး | ၆.၇ |
| ၂၃ | တောင်ငူ | ၇.၀ |
| ၂၄ | ပုသိမ် | ၆.၈ |
| ၂၅ | မအူပင် | ၆.၉ |
| ၂၆ | ဟင်္သာတ | ၆.၇ |
| ၂၇ | မော်လမြိုင် | ၇.၀ |
| ၂၈ | ဘီးလင်း | ၆.၈ |
| ၂၉ | ဘားအံ | ၆.၆ |
| ၃၀ | ကော့ကရိတ် | ၆.၇ |
| ၃၁ | ထားဝယ် | ၆.၈ |
| ၃၂ | မြိတ် | ၆.၆ |
| ၃၃ | ကော့သောင်း | ၆.၉ |

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် –

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

## စစ်ကိုင်းတိုင်းဒေသကြီး (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အမှာစကားပြောကြားရာတွင် "စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးများအား တာဝန်ပေးကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲပြန်လည်ကျင်းပချိန်မှစ၍ ပြိုင်ပွဲဝင်များအနေဖြင့် ရွှေ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပြီးစီးသွားသည့်အခါ ဗဟိုအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်နိုင်ရေး စခန်းသွင်း လေ့ကျင့်မည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် အကဲဖြတ်ပညာရှင်ကြီးများအနေဖြင့်လည်း သမာသမတ်ရှိရှိ ရွေးချယ်ပေးကြရန် မှာကြားလိုကြောင်း၊ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ချမှတ်ထားသည့် ဦးတည်ချက် (၄) ရပ်နှင့်အညီ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို ဖော်ထုတ်ပြသမည့် ပြိုင်ပွဲဝင်များအားလုံးသည် မိမိတို့၏ အနုပညာအရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းလိုကြောင်း" ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်၊ အနုပညာရှင် ပန်တျာဦးမြကြည်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့်(၁၀–၁၅) (အမျိုးသား) (အမျိုးသမီး) တစ်ဦးချင်းအက၊ အခြေခံပညာအဆင့်(၁၅–၂၀) (အမျိုးသား) (အမျိုးသမီး) တစ်ဦးချင်းအက၊ အဆင့်မြင့်ပညာ (အမျိုးသား) (အမျိုးသမီး) တစ်ဦးချင်းအက၊ အဆိုပြိုင်ပွဲတွင် အခြေခံပညာ(၁၀–၁၅) (အမျိုးသား) (အမျိုးသမီး)၊ အခြေခံပညာ(၁၅–၂၀) (အမျိုးသား) (အမျိုးသမီး)၊ အဆင့်မြင့်ပညာ (အမျိုးသား) (အမျိုးသမီး)၊ ဝါသနာရှင်ပထမတန်း၊ ဒုတိယတန်း(အမျိုးသား) (အမျိုးသမီး) မဟာဂီတ၊ ခေတ်ဟောင်း/ကာလပေါ်၊ အခြေခံပညာ(၁၀–၁၅) (အမျိုးသား) (အမျိုးသမီး)၊ အခြေခံပညာ(၁၅–၂၀) (အမျိုးသား) (အမျိုးသမီး)၊ အဆင့်မြင့်ပညာ (အမျိုးသား) (အမျိုးသမီး)၊ ဝါသနာရှင် ပထမတန်း၊ ဒုတိယတန်း(အမျိုးသား) (အမျိုးသမီး)၊ အမျိုးဂုဏ်/ ဇာတိဂုဏ်ပြိုင်ပွဲတွင် အဆင့်မြင့်ပညာ (အမျိုးသား)(အမျိုးသမီး)၊ ဝါသနာရှင် ဒုတိယတန်း (အမျိုးသား)(အမျိုးသမီး)၊ အတီးပြိုင်ပွဲတွင် ဆိုင်းတစ်ဦးချင်း၊ စောင်း၊ ပတ္တလား၊ နှဲ၊ စန္ဒယား၊ တယော၊ ကွက်စိပ်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ကဗျာလွတ်အက၊ ကျေးလက်ရိုးရာအကပြိုင်ပွဲများနှင့် အရေးပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပြိုင်ပွဲဝင် ၄၂ ဦး၊ အကပြိုင်ပွဲဝင် ၁၈ ဦး၊ အရေးပြိုင်ပွဲဝင် ခြောက်ဦး၊ အတီးပြိုင်ပွဲဝင် ၇၀၊ ကွက်စိပ်ပြိုင်ပွဲဝင် တစ်ဦး၊ ကဗျာလွတ် ၃၆ ဦး၊ ကျေးလက် ရိုးရာအက ၁၈ ဦး၊ စုစုပေါင်းပြိုင်ပွဲဝင် ၁၄၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ် လွယ်တဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေး

**ဟိုပုံး စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကိုးကြိမ်မြောက် ထုတ်ချေးခြင်းကို စက်တင်ဘာ ၇ ရက်က ပေါင်လင်းကျေးရွာအုပ်စု လွယ်တဝိုင်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးလွင်မြင့်က ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူးနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အဖွဲ့ဝင်များက လွယ်တဝိုင်း ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးအတွက် ငွေကျပ် ၆၇ ဒသမ ၈ သန်း၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ဟိုပုံးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၇၅ ရွာတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ထံမှ သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဆောင်းခိုငှက်မျိုးစိတ်သစ် ၁၀ မျိုး တွေ့ရှိ




သိန်းညွန့်(PZL)

**မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ ပထမဆုံး ရမ်ဆာရေဝပ် ဒေသတစ်ခုအဖြစ် ထင်ရှားသည်။ ဆောင်းခိုငှက်များ ကျက်စားရာဒေသ၊ အရှေ့အာရှ ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းပေါ်သို့ ကျရောက်သည့်ဒေသအဖြစ်လည်း နိုင်ငံတကာက အလေးအနက်ပြု မှတ်တမ်းတင်ထားသော ဘေးမဲ့တောလည်း ဖြစ်သည်။**

ပဲခူးတိုင်းဒေသကြီး ပဲခူးနှင့် ဝေါမြို့နယ်အတွင်း တည်ရှိသော မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ကြိုးကြာ၊ ခရုစုတ်ခေါင်းမည်း၊ ငှက်ကျား၊ ငှက်ကြီးဝန်ပို၊ လင်းယုန် ငှက်မျိုးစိတ်နှင့် မြန်မာ့ဒေသ ရင်းဖွား လိပ်မျိုးစိတ်၊ စင်းချောလိပ်နှင့် ဆောက်လိပ်များ ထိန်းသိမ်းကာကွယ်ရာဒေသ ဖြစ်ပါ၏။ ရေပျော်ငှက် ၈၃ မျိုး၊ ကုန်းငှက် ၁၀၆ မျိုး၊ အင်းဆက်၊ လိပ်ပြာမျိုးစိတ် ၄၉ မျိုး၊ ငါးမျိုးစိတ် ၄၆ မျိုး၊ နို့တိုက်သတ္တဝါ မျိုးစိတ် ၁၂ မျိုးတို့၏ ဘူမိနက်သန်ဒေသဖြစ်သည့် “မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”တွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၂ နှစ်အထိ လေးနှစ်တာကာလအတွင်း မှတ်တမ်းမဝင်သေးသော ငှက်မျိုးစိတ်သစ် ၁၀ မျိုးကို ပထမဆုံးအကြိမ် မှတ်တမ်းတင် နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ အင်းကြီးသည် ကိုလိုနီခေတ်က ပဲခူးစစ်တောင်းတူးမြောင်းအတွင်း သစ်ဖောင်၊ ဝါးဖောင်များ မျှောချရန်အတွက် ရေလှောင်ကန်အဖြစ် တည်ဆောက်ခဲ့ရာမှ သဘာဝအင်းအဖြစ် တည်ရှိလာခဲ့ကြောင်း သိမှတ်ရပါ၏။

### တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

ဤသို့ဖြင့် ၁၉၈၈ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တရားဝင်ကြေညာခဲ့ပြီး ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ ပျော်စံကြရာ ဒေသအဖြစ် ဧရိယာ စတုရန်းမိုင် ၄၀ (ဧက ၂၅၆၀၀) ကို လွှမ်းခြုံထားပေသည်။ “မိုးယွန်းကြီးအင်းဘေးမဲ့တော”သို့ ဆောင်းရာသီကာလအတွင်း နိုင်ငံတကာက ပျံသန်းရောက်ရှိလာကြပြီး နားခိုကြသည့်ငှက်များအပြင် ဌာနေငှက်များလည်း ရှိပေရာ လအလိုက်၊ နှစ်အလိုက် လေ့လာစေ့ငုချက်အရ ငှက်မျိုးစိတ်သစ် ၁၀ မျိုးကို လေ့လာ တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ခြင်း ပင်ဖြစ်သည်။ ယင်းငှက်မျိုးသစ် ၁၀ မျိုးမှာ လက်ရှိအနေအထားတွင် အင်္ဂလိပ် အမည်များဖြင့်သာ မှတ်တမ်းတင်ထားနိုင်ပြီး အကြမ်းအားဖြင့် ဂေါ်ပြားနှုတ်သီး (Northern Shoveler)၊ ဒေါင်းလန်းခြေထောက် (White-headed Stilt)၊ Red-Breasted Merganser၊ စင်ရော်(Heuglin's Gull)၊ ငှက်နှုတ်သီးလန် (Pied Avocet)၊ Short-tailed Shearwater-Ardenna tenuirostris၊ မြစ်တွေး (Caspian Tern)၊ ကြိုးကြာခေါင်းမည်း (Common-Crane) တို့ ဖြစ်ကြပါသည်။

### မျိုးသုဉ်းအန္တရာယ်ရှိ ငှက်မျိုးစိတ်များ

မိုးယွန်းကြီးအင်း ဘေးမဲ့တောရှိ “ငှက်ကြီးဝန်ပို၊ ကြိုးကြာ၊ ငှက်ကျား၊ လင်းယုန်” စသည့် ငှက်မျိုးစိတ် များမှာလည်း မျိုးသုဉ်းရန် အန္တရာယ်ရှိသော ငှက်မျိုး စိတ်များအဖြစ် ကာကွယ်ထိန်းသိမ်းနေရကြောင်း သိရပါ၏။ ဤကဲ့သို့ “မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော” ၌ ငှက်မျိုးစိတ်များ ကာကွယ်စောင့်ရှောက်ပေးထားခြင်းအားဖြင့် စိုက်ခင်းသီးနှံများ၌ ပိုးမွှားအန္တရာယ်များ ကာကွယ်နိုင်ခြင်း အပါအဝင် ဝတ်မှုန်ကူး မျိုးစေ့ကြဲခြင်းတို့ကို ဆောင်ရွက်နိုင်ပေရာ လူသားများအတွက် လူသုံးကုန်၊ ဆေးဖက်ဝင်ခြင်းနှင့် ကြွက်အန္တရာယ်များကို နှိမ်နင်းကာကွယ် ပေးစွမ်းနိုင်ပါ၏။

### အရေးပါလှသည့် ဘေးမဲ့တော

“ရမ်ဆာရေဝပ်ဒေသ” သတ်မှတ်ချက်များအဖြစ် မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် အချက်ကိုးချက်ရှိသည့်အနက် မျိုးသုဉ်းရန် အန္တရာယ်ရှိသော ကြိုးကြာ၊ လင်းယုန်၊ ဆောက်လိပ်များ နေထိုင်ကျက်စားခြင်း၊ ရေပျော်ငှက်ကောင်ရေ ၂၀၀၀၀မှ ၃၀၀၀၀ အထိ လာရောက် ကျက်စားကြခြင်း၊ ဆောင်းခိုငှက် ဘဲရစ်ကောင်ရေ တစ်ကမ္ဘာလုံး၏ တစ်ရာခိုင်နှုန်းကျက်စားခြင်း စသည့်အချက်သုံး ချက်ကြောင့် အရေးပါလှသည့် ဘေးမဲ့တောအဖြစ် မှတ်တမ်း ပြုထားရပေသည်။

အချုပ်ဆိုရပါလျှင် ၂၀၀၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့အရေးကြီး ရမ်ဆာရေဝပ်ဒေသအဖြစ်ဖြင့် ကနဦး အသိအမှတ်ပြုခြင်းခံထားသော ရေပျော်ငှက်အပါအဝင် ဆောင်းခိုငှက်များ ပျော်စံရာ၊ ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာ ဂေဟစနစ်အကျိုးပြုရာ “မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော” အရှည်တည်တံ့ရေးအတွက် ဌာနဆိုင်ရာသာမက ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုပါ တိုးမြှင့်ဖော်ဆောင်လျက်ရှိပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။

## အာရှတွင် မြန်မာနိုင်ငံ ကြက်မောက်တောင်ဆည်အတွင်းသာ ကျက်စားနေထိုင်သည့် ဒေသမျိုးရင်း ငှက်ကိုးမျိုး ဂုဏ်ယူဖွယ် ရှင်သန်တည်ရှိနေ

အာရှတွင်မရှိသော ငှက်မျိုးစိတ်အချို့သည် မြန်မာနိုင်ငံ ကြက်မောက်တောင်ဆည်အတွင်း၌ ဒေသမျိုးရင်းများအဖြစ် တည်ရှိလျက်ရှိပြီး အဆိုပါငှက်ကိုးမျိုးသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ပြယုဂ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရှင်သန်ကျက်စားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းဘေးတွင်ရှိသည့် ကြက်မောက်တောင်ဆည်သည် ပုပ္ပားတောင်မှ တောင်ဘက်သို့စီးဆင်းသည့် တောင်ဆင်းချောင်းနှင့် ကျောက်ပုံချောင်းကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး ကြက်မောက်တောင်ဆည်ကို ကာကွယ်ရန် ကြက်မောက်တောင်ကြိုးဝိုင်း၊ ပုပ္ပားတောင်ကြိုးဝိုင်းတို့ကို ကနဦးစတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ပုပ္ပားတောင်အမျိုးဥယျာဉ်ကိုဖွင့်လှစ်ခဲ့ကာ ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။



ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို အမှီပြုသည့် သစ်တောငှက်များနှင့် ကြက်မောက်တောင်ဆည်ကို အမှီပြုကြသည့် ရေပျော်ငှက်များ ကျက်စားလျက်ရှိရာ ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုရှင်သန်ကျက်စားလာမှုဖြင့် အင်းလေးကန်ကဲ့သို့ ငှက်ကြည့်ဝါသနာရှင်များ လာရောက်လေ့လာကြသည့်နည်းတူ ဒေသမျိုးရင်း ငှက်ကိုးမျိုးကိုလည်း လာရောက်လေ့လာလေ့ရှိပြီး အာရှတိုက်တွင်သာမက အာဆီယံနိုင်ငံတို့တွင် မရှိသေးသော ဒေသမျိုးရင်း ငှက်မျိုးစိတ်ကိုးမျိုးကို ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကြက်မောက်တောင်ဆည်နှင့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်တို့တွင် လုံးဝကာကွယ်ထားသော ငှက်မျိုးစိတ် ၃၀၊ သာမန်ကာကွယ်ထားသော ငှက်မျိုးစိတ် ၄၉ မျိုးနှင့် ရာသီအလိုက်ကာကွယ်ထားသော ငှက်မျိုးစိတ် ၁၈ မျိုးတို့ ရှင်သန်ကျက်စားလျက်ရှိပြီး ရေပျော်ငှက်မျိုးစိတ် ၁၆ မျိုး၊ သစ်တောငှက်မျိုးစိတ် ၈၂ မျိုးဖြင့် စုစုပေါင်း ၉၈ မျိုးမှ ကောင်ရေ ၂၅၆၈ ကောင်ကို ထိန်းသိမ်းကာကွယ်ထား၍ နှစ်စဉ်ဆောင်းခိုငှက်များနှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ်များ၊ ရေပျော်ငှက်များလည်း ဝင်ရောက်ကျက်စားလေ့ရှိသည်။

အထူးသဖြင့် အာရှနှင့်အာဆီယံနိုင်ငံတို့တွင် မရှိသေးသော ကြက်မောက်တောင်ဆည် ဒေသမျိုးရင်းသစ်တောငှက်များဖြစ်သည့် စွေ့ငှက်(White- throated Babbler)၊ နဖားကြိုးအမြီးဝိုင်း(Hooded Treepie)၊ မြန်မာဘီလုံးငှက်(Burmese bushlark)၊ ငှက်မင်းသားဝမ်းဖြူ(Joderns's minivet)၊ ငှက်လက်မမြီးရှည်ညို(Burmese prinia)၊ ချိုးလင်းပြာ( Burmese collared dove)၊ မျက်ခုံးဖြူ ငှက်ပြာချောက်၊ မြန်မာတစ်ငှက်(Burmese Tit)နှင့် ဧရာဝတီဘူဘူး(Ayeyarwaddy bulbul)တို့ ထိုဒေသအတွက်သာမက ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ်များ ထိန်းသိမ်းရှင်သန်မှုသည် နိုင်ငံအတွက် ဂုဏ်တင့်လျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်**

# မိုင်းဖြတ်မြို့နယ်၌ (၃၁) ကြိမ်မြောက် တစ်ဆုပ်ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မိုင်းဖြတ် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူသော သံဃာတော်များ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် ရည်ရွယ်ပြီး လစဉ်တစ်ဆုပ်ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ (၃၁) ကြိမ်မြောက် ဆက်ကပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက နမ့်လောက်ကျေးရွာအုပ်စု တာမကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ထိုသို့ လှူဒါန်းရာတွင် ဦးစွာဈေးတန်းပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တ ကဝိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် တာမကျေးရွာမှ ကျောင်းထိုင်ဆရာတော် ဦးသီရိမေဓာထံ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ဇော်မင်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အောင်နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက တစ်ဆုပ်ဆန် (၂၄) ပြည်ပါ ၆ အိတ်၊ စားဆီ ၁၀ ပိဿာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။ **သန်းထွန်းအေး(ပြန်/ဆက်)**



## မွန်တူရိယာအတီးသင်တန်းနှင့် ရှေးဟောင်းနှစ်ပါးသွားအက သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်နှင့် ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ချစ်မြတ်နိုးကာ ထိန်းသိမ်း စောင့်ရှောက်တတ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သည့် မွန်တူရိယာ အတီးသင်တန်းနှင့် ရှေးဟောင်းနှစ်ပါးသွားအက သင်တန်းဆင်းပွဲကို စက်တင်ဘာ ၈ ရက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ( ရန်ကုန် ) ဥက္ကဋ္ဌ ဒေါက်တာ မင်းခင်စိန်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ အနုပညာဆပ်ကော်မတီဥက္ကဋ္ဌ မိမြအောင်က သင်တန်းကာလအတွင်း သင်ကြား စီစဉ်ခဲ့ရသည်များကို လည်းကောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ မိမိုးမိုးအေးက သင်ကြား ပို့ချခဲ့ရခြင်း အကြောင်းကို ပြောကြားသည်။ ဆက်လက်၍သင်တန်းသူတစ်ဦးက သင်တန်းအတွေ့အကြုံနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများက မွန်တူရိယာတို့ဖြင့် တီးခတ်သီဆို ကပြဖျော်ဖြေကြသည်။

အဆိုပါ သင်တန်းသို့ ရန်ကုန်တိုင်း ဒေသကြီးရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၉ ဦး တက်ရောက်ကြပြီး မွန်ရိုးရာ လခြမ်း၊ မိချောင်း၊ ပတ္တလား၊ စောင်း၊ တယော၊ ဗုံအတီး ပညာရပ်များနှင့် ရှေးဟောင်းနှစ်ပါးသွား အကများကို ၃၅ ရက်ကြာ လေ့လာသင်ကြားခဲ့ကြသည်။

**မျိုးမင်းသူရ**

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁)၊ မင်းတဲရပ်ကွက်နေ ဦးအောင်မိုး ၏ အမည်မှန်မှာ ဦးအောင်ကျော်နိုင် ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်နိုင်**

### သွေးသည် အသက်

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၅)ရပ်ကွက်၊ရှမ်းရွာ(၂)လမ်း၊ အမှတ်(၂၄)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၄၃/သမိုင်း)၊ မြေကွက်အမှတ်(၆/စ)၊ အကျယ်အဝန်းဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိ ဦးကျော်စိုးမင်း၊ ဒေါ်ဇင်မို့မို့အောင် အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်နှစ်ဦးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၉၀/၂၀၂၃(၆-၇-၂၀၂၃)အရ တရားဝင် ကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်ငယ်ငယ် ၁၃/တကန(နိုင်)၀၁၂၈၅၆ က အပေါင်အနှံ့အရှုပ်အရှင်း ကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငွေငွေဝင်း(LL.B, D.I.L, WIPO (Switzerland)) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)
အမှတ်(၂၇)နီကြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၇၂၉)၊ ဗထူးလမ်းရှိ ဦးညွှန့်ရွှေ (အမည်ပေါက်) ပါမစ်မူရင်း ဧရိယာအကျယ်အဝန်း(၄၀ပေ x ၆၀ပေ) ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ချိုသက်(၁၂/အစန (နိုင်)၀၆၃၇၉၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မှူးပြည့်ကိုကို(၁၂/ဒဂမ(နိုင်)၀၂၃၆၀၄) မှ (၁၅-၉-၂၀၂၀) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မှူးပြည့်ကိုကို ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

### မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက် -လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate Transfer (BOT)ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် သက်တမ်းတိုးမြှင့်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate -Transfer (BOT) ပုံစံဖြင့် နိုင်ငံတကာ အဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ် ၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှု စသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားရန်အတွက် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) အား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/ Soft copy(Word file) များဖြင့် (၂-၉-၂၀၂၄)ရက်နေ့၊ ညနေ (၄:၀၀) နာရီနောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ကြောင်း ကြော်ငြာ ခဲ့ပါသည်။

၂။ သို့ရာတွင် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်နိုင်စေရန်အတွက် (Expression of Interest-EOI) ဖိတ်ခေါ်ခြင်းအား (၂-၁၀-၂၀၂၄)ရက်နေ့၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြု လျှောက်ထားနိုင်ကြောင်း ပြင်ဆင်ထုတ်ပြန်အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်
ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်
အကောင်အထည်ဖော်ရေးကော်မတီ

### မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၁)၊ Grade-12(A) တွင် ပညာသင်ကြားနေသော မောင်စောထူးထူးလူဇက် ၏ မိခင်အမည်မှန်မှာ နော်ခလို ဖေါ ၃/သတန(နိုင်)၀၁၈၁၃၇ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၁)၊ Grade-12(A) တွင် ပညာသင်ကြားနေသော မရတနာခင်နှင့် Grade-6 (B) တွင် ပညာသင်ကြားနေသော မောင်ကျော်ကျော်ဗိုလ် ၏ မိခင်အမည်မှန်မှာ ဒေါ်စိန်တုပ် ၇/တငန (နိုင်)၁၂၁၁၂၈ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/17003, Canda-125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/53825, Gaobo 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏကျော် ၁၃/ကတန (နိုင်)၀၀၂၀၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### တစ်အိမ်လုံးတွင် မည်သူမျှမရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကိုပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-
(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“လှပသာယာ ပြည်မြန်မာ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ် နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁- ၁၀ - ၂၀၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိန်၏သား မောင်သန်းဝင်းဇော်(ခ)မောင်ဝင်းဝင်းဇော် ၅/ရဘန(နိုင်)၀၀၉၃၄၈ သည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းသာဖြစ်ပါကြောင်း။

**သန်းဝင်းဇော်**
**၅/ရဘန(နိုင်)၀၀၉၃၄၈**

## အမည်မှန်

ပဲခူးမြို့၊EC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3(A)တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် ၀၃၂၀(ဘ)ဦးဇင်မိုးဦး၏သား အမည်မှန်မှာ အိမ်ထောင်စုဇယားအရ မောင်မြင့်မိုရ်ဟိန်းဖြစ်ပါကြောင်း။ **မောင်မြင့်မိုရ်ဟိန်း**

## အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းအထက(Grade-12)မှ (ဘ) ဦးမျိုးမင်းဟန်၏သမီး မရွှေလဲ့ဝင်းရည်အား မယွန်းမေဦးဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းမေဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/63692 ယာဉ်လက်ဝယ်ရှိသူ ဦးလှဆင့် ၉/ကပတ (နိုင်)၀၃၈၃၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## မောင်ပြည့်ဖြိုးဇော် (၁၂/အစန(နိုင်)၂၂၈၇၁၆)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၇၄၈)နေ ဦးအောင်သန်း ၁၂/အစန(နိုင်)၀၉၂၆၅၅နှင့် ဒေါ်ကြည်ကြည်ခိုင် ၁၂/အစန(နိုင်)၀၉၂၆၅၃တို့၏သားဖြစ်သူ မောင်ပြည့်ဖြိုးဇော်(၁၂/အစန (နိုင်)၂၂၈၇၁၆ သည်မိဘများ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲမိဘများကို ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့်နောက်နောင်တွင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးတို့သည်ကျွန်ုပ်၏မိတ်ဆွေများနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း မောင်ပြည့်ဖြိုးဇော်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်သန်းနှင့် ဒေါ်ကြည်ကြည်ခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၀၂)**
**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ကွက်၊ လွတ်လပ်ရေးလမ်း၊ ဦးချိုလမ်းသွယ်၊ တိုက်အမှတ်(၁၈/က)၊ (A-5) ဟု ခေါ်တွင်သောအဆောက်အအုံ၏(၅-လွှာ)၊ အကျယ်အဝန်း (၁၅ပေx၄၀ပေ)ရှိသောလူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသောရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဦးအောင်ကိုဟိန်း(ဘ)ဦးထွေးမြင့် ၁၂/လမန(နိုင်)၁၂၈၁၇၁နှင့် ဒေါ်ဆွေဇင်သင်း(ဘ)ဦးလှဖေ ၁၂/လမန(နိုင်)၁၂၀၅၉၂တို့ထံသို့ ဒေါ်စေးပိုး(ဘ)ဦးဖိုးချင်း ၁၂/ဒဂတ(နိုင်)၀၁၉၅၇၃)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါကပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့် အတူ ကျွန်ုပ်ထံသို့သတင်းစာတွင်ပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်စေးပိုး**
**၁၂/ဒဂတ (နိုင်)၀၁၉၅၇၃**

**လွှဲအပ်ညွှန်ကြားချက်အရ**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးအောင်မိုး(ကော့မှူး)** (စဉ်-၈၂၃၇)
**ဒေါ်သိမ့်သိမ့်ထွန်း** (စဉ်-၁၂၆၇၆)
**ဒေါ်ထက်ထက်အေးငြိမ်း** (စဉ်-၁၈၉၄၂)

**ရုံးအမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁၊ ၀၉-၇၉၉၅၇၅၂၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၅၁-နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၃၆လမ်း-၇၆၊၇၈ မြတ်လေးလမ်း-၄၈၊ ၄၉)၊ ဧရိယာ(၀ဒသမ၄၄၀)ကေရှိမြေကွက်ဖြစ်ပါသည်။ ဦးပိုင်(၃၆လမ်း-၇၆)သည် အမှုတွဲအမှတ် ၃၄၆၈/၁၉၉၄-၁၉၉၅ အရ(၉-၁၁-၁၉၉၄)မှ (၈-၁၁-၂၀၂၄)ထိ ဒေါ်ခင်ဝင်းအမည်ဖြင့်လည်းကောင်း၊ဦးပိုင်(၃၆)လမ်း-၇၈) သည် အမှုတွဲအမှတ် ၃၄၇၀/၁၉၉၄-၁၉၉၅ အရ (၉-၁၁-၁၉၉၄) မှ (၈-၁၁-၂၀၂၄)ထိ ဦးမြသန်း အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်(မြတ်လေးလမ်း-၄၈)သည် အမှုတွဲအမှတ် ၃၁၇၁/၁၉၉၄-၁၉၉၅ အရ(၂၉-၇-၁၉၉၄) မှ (၂၈-၇-၂၀၂၄)ထိ ဗိုလ်မှူးမြင့်သိန်းအမည်ဖြင့် လည်းကောင်း၊ ဦးပိုင်(မြတ်လေးလမ်း-၄၉)သည် အမှုတွဲအမှတ် ၃၄၇၉/၁၉၉၄-၁၉၉၅ အရ(၉-၁၁-၁၉၉၄) မှ (၈-၁၁-၂၀၂၄)ထိ ဦးသိန်းအောင် အမည်ဖြင့်လည်းကောင်း နှစ်(၃၀)ချထားပေးသော မြေကွက်များဖြစ်ပြီး အမှုတွဲအမှတ် ၂၁၂ V RP ၂၀၂၃-၂၀၂၄ အရ ဦးကျော်မျိုးလွင် အမည်သို့ (၉-၆-၂၀၂၄)ရက်မှစ၍ မူလဂရန်သက်တမ်းအတိုင်း အမည်ပြောင်းချထားပေးသောမြေအား ဦးကျော်မျိုးလွင်မှ မြေငှားစာချုပ် (သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့် ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်ရတနာလမ်း၊ ခြံအမှတ် (၃၇)၊ မြေကွက်အမှတ် (၂၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်လှိုင်ဆွေမြင့် (၁၄/ဖပန (နိုင်) ၀၉၄၆၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်လှိုင်ဆွေမြင့် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/25010, Honda Dream-100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စံလှ ၉/မရတ(နိုင်)၀၄၄၃၉၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/44965, TVS Rock Z 125 M/C ယာဉ်လက်ဝယ်ရှိသူ Moon princess Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8112 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းဇော်သူ ၉/မကန(နိုင်) ၁၀၃၃၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၅

**ဒေါ်ပေါင်းတုန်းမေ** နှင့် **ဗိုလ်ကြီးကျော်ညွန့်(ငြိမ်း)**
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၀/၇)နေ ဗိုလ်ကြီး ကျော်ညွန့်(ငြိမ်း)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ပေါင်းတုန်းမေ က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့ နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၀)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၀၅၁)ကေ အကျယ်အဝန်းရှိ ဗိုလ်ကြီး ကျော်ညွန့်(ငြိမ်း) အမည်ပေါက်ဂရန် မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၃ ရက်(၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူရစိုးဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀၀)၊ ဝေါကွင်း၊ မြေကွက်အမှတ်(B-၁၁၅)၊ ဧရိယာ(၀.၀၈၆)ကေရှိမြေကို ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်နေ ဒေါ်အေးအေးသန်းအမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်(အသစ်)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၅၁-နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၃၆လမ်း-၈၀၊ မြတ်လေးလမ်း-၅၀)၊ ဧရိယာ(၀ဒသမ၂၂၀) ကေရှိမြေကွက်ဖြစ်ပါသည်။ ဦးပိုင်(၃၆လမ်း-၈၀)သည် အမှုတွဲအမှတ် ၃၄၆၇/၁၉၉၄-၁၉၉၅ အရ(၉-၁၁-၁၉၉၄)မှ (၈-၁၁-၂၀၂၄)ထိ ဦးတင်ဆွေဦးအမည်ဖြင့် လည်းကောင်း၊ ဦးပိုင်(မြတ်လေးလမ်း-၅၀)သည် အမှုတွဲအမှတ် ၃၄၇၈/၁၉၉၄-၁၉၉၅ အရ(၉-၁၁-၁၉၉၄) မှ (၈-၁၁-၂၀၂၄)ထိ ဦးတင်ဝင်းအမည်ဖြင့်လည်းကောင်း နှစ်(၃၀)ရရှိထားသော မြေကွက်များဖြစ်ပြီး အမှုတွဲအမှတ် ၂၁၀ V RP ၂၀၂၃-၂၀၂၄ အရ ဦးကျော်မျိုးလွင်အမည်သို့ (၉-၆-၂၀၂၄)ရက်မှစ၍ မူလဂရန် သက်တမ်းအတိုင်း အမည်ပြောင်းချထားပေးသောမြေအား ဦးကျော်မျိုးလွင်မှ မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထား ခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ ပိတောက်မြိုင် (၃) လမ်း၊ အမှတ် -၁၂၄၁ ဟုခေါ်တွင်သော မြေကျယ်ဝန်း (၀.၀၅၆) ဧက၊ စတုရန်းပေ ၂၄၆၀၊ အလျား ၄၁ပေxအနံ ၆၀ပေရှိ ဦးကျော်လှိုင် (EF-019736) အမည်ဖြင့် နှစ် (၆၀)ဂရန်မြေကွက်၌ ဦးကျော်လှိုင် (EF-019736) နှင့် ဦးမင်းကျော်သူ (၇/သကန (နိုင်) ၀၈၃၃၂၀) တို့မှ (၈)ထပ်တိုက်တစ်လုံးအကျိုးတူ ဆောက်လုပ်ခြင်း ကတိစာချုပ်ဖြင့် ဆောက်လုပ်မည့်အဆောက်အအုံတွင် ဦးမင်းကျော်သူမှ ၎င်းရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ ပိတောက်မြိုင် (၃)လမ်း၊ အမှတ်-၁၂၄၁ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် အလျား (၃၅) ပေxအနံ (၅၄)ပေရှိ ဓာတ်လှေကားပါ (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အအုံ၏ (၁၇'၆" x ၅၄') ကျယ်ဝန်းသော တိုက်ခန်း (ရေချိုးခန်း၊ မီးဖိုခန်း၊ အိပ်ခန်းကန့်ပြီး အကြမ်းထည်သီးသန့်)ပါသော အခန်းအမှတ် (5B) ဓာတ်လှေကားသုံးစွဲခွင့်၊ ရေမီးအစုံအပါအဝင်ယင်းတိုက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးသက်ခိုင် (၁၂/ကမရ(နိုင်)၀၁၉၆၈၉) နှင့် ဒေါ်သီတာပြုံး (၁၂/ကမတ(နိုင်)၀၂၀၃၁၂)တို့ထံသို့ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေများမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်မြင့် (LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၄၈)**
**အမှတ် - ၁၉ ၊ သဒ္ဒါသုခလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၅၄၄၁၆၄၆၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

**ဦးအောင်အောင်မိုး** နှင့်
**၁။ ဒေါ်ခင်မြဆွေ**
**၂။ ဦးလှထွန်းအောင်**
**၃။ ဦးညီညီအောင်**
**၄။ဒေါ်မာမာဆွေ**
**၅။ ဒေါ်မီမီဆွေ**
**၆။ ဦးအောင်အောင်ထွန်း**
**၇။ ဒေါ်ချယ်ရီထွန်းဆွေ**
**၈။ ဒေါ်မေမိုးဝါ**
**၉။ ဒေါ်နန်းနန်း**

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ဘိုမကန်အနီး၊ ကန်သာယာ(၁)လမ်း၊ အမှတ်(၈၈/၈၉)နေ ဒေါ်နန်းနန်း(ဘ)ဦးအောင် အောင်စိုး (ယခုနေရပ်လိပ်စာမသိ) သူသိစေရမည်။

သင့်အပေါ်၌ ဦးအောင်အောင်မိုးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်(၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ်၊ ၁၀ရက်)နေ့ မွန်းမတည့်မီ ၉:၃၀နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မွန်ရည်သျှန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၁)ရပ်ကွက်၊ အထက (၁) Grade-12မှ နော်ဟဲမူဖေါ၏ဖခင်အမည်မှန်မှာ စောဘီထူး ၇/ကတခ(နိုင်)၀၁၃၂၀၀ ဖြစ်ပါကြောင်း။ **စောဘီထူး**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အထကမောင်းတီးကျောင်းတွင် ဒု-လယ်ပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်တင်နီလာထွန်း၏ ဖခင်အမည်မှန်မှာ ဦးဟန်မြင့် ၁၄/ပသရ(နိုင်)၀၀၂၇၀၇ ဖြစ်ပါကြောင်း။ **ဦးဟန်မြင့်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်၊ ၁၈/ကျောက်တောင်ရပ်၊ ဦးပိုင်အမှတ်(၇၀/၇၁-ဆ )၊ မြေဧရိယာ(၀.၀၆၇)ကေရှိမြေကွက်အား မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဦးသန်းဝင်း ၉/ မမန(နိုင်) ၁၁၃၉၄၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ် (၁၈/ ကျောက်တောင်ရပ်)၊ ဦးပိုင်အမှတ်(၇၀/၇၁-စ)၊ မြေဧရိယာ(၀ဒသမ၀၆၃)ကေရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်မျိုးမြင့်ကြည် ၉/ပကသ(နိုင်) ၀၆၄၇၈၁ မှ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

